ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့ (18-8-2011) (၆၅၅)

☆ ဒီကနေ့ အချိန်အခါဟာ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်နဲ့ အသစ်တစ်ဖန် ပြန်တည်နေရတဲ့ အချိန်ဖြစ်။

☆ စိန်ခေါ်မှုတွေရှိနေသလို အခွင့်အလမ်းကောင်းတွေလည်း ရှိနေ။

☆ စိန်ခေါ်မှုတွေကို ကြံ့ကြံ့ခံကျော်လွှားပြီး အခွင့်အလမ်းကောင်းတွေကို အရအမိ ဆုပ်ကိုင်ထားဖို့လို။

မည်သည့်လက်နက်ကိုင်အဖွဲ့မဆို ငြိမ်းချမ်းရေးရယူလိုတဲ့ဆန္ဒရှိရင် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့နဲ့ အချိန်မရွေးဆွေးနွေးနိုင် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဒို့တာဝန်အရေး(၃)ပါးကို အဓိကထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်ပေးသွားမည်

ပြည်တွင်းရှိ သဘောထားအမြင်မတူတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေကိုလည်း မတူကွဲပြားတာတွေကို ဘေးဖယ်ထားပြီး တိုင်းပြည်အတွက် အမှန်တကယ်အကျိုးရှိစေမယ့် ဘုံအကျိုးစီးပွားတွေမှာ ပူးပေါင်းဆောင်ရွက်ကြဖို့ အမြဲဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၁၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပသည့် စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီး၊ အသင်း၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဒုတိယဝန်ကြီးများ၊ စီးပွားရေး၊ လူမှုရေး အဖွဲ့အစည်းအသီးသီး၊ အသင်း၊ အဖွဲ့အစည်းအသီးသီးမှ ဖိတ်ကြားထားသည့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ဒီကနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျွန်တော့်အနေနဲ့ ကျွန်တော်တို့အစိုးရအဖွဲ့အား ပြည်သူများ ရွေးချယ်တာဝန်ပေးအပ်ခဲ့ပြီး တိုတောင်းတဲ့သက်တမ်းကာလ လေးလကျော် ငါးလအတွင်း ပြည်သူများ ကိုယ်စိတ်နှစ်ပါးချမ်းသာစေရန် ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းများ၊ တိုင်းပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး အခြေအနေနဲ့ အစိုးရရဲ့ သဘောထားရပ်တည်ချက်များကို ကြုံကြိုက်တုန်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့အစိုးရ တက်လာစက တိုင်းပြည်ကို ကတိကဝတ်ပြုခဲ့တဲ့ လုပ်ငန်းများအနက် ဦးစားပေးလုပ်ဆောင်နိုင်တဲ့ လုပ်ငန်းများကို ရွေးချယ်ပြီး ရက်ပိုင်း လပိုင်းအတွင်းမှာပဲ စီးပွားရေးနဲ့ ပတ်သက်တဲ့ အဟန့်အတားအချို့ကို ဖယ်ရှားပေးခဲ့ပြီး ဈေးကွက်စီးပွားရေးစနစ်ရဲ့ လွတ်လပ်မှုနဲ့ ယှဉ်ပြိုင်မှုအချို့ကို ပွင့်လင်းမြင်သာအောင်

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီး၊ အသင်း၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror
၁၈-၈-၂၀၁၁
(ကြာသပတေးနေ့)

ဒေသအလိုက် စက်မှုလုပ်ငန်းများ ထူထောင်

ယနေ့အချိန်အခါတွင် နိုင်ငံတိုင်းက အမျိုးသားနေအင်အားတိုးပွားရေးနှင့် အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာရေး အပြိုင်အဆိုင် ကြိုးပမ်းနေကြပြီ။ အရည်အသွေးကောင်း ကုန်ပစ္စည်းအများအပြားကို ထုတ်လုပ်၍ ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနေကြပေပြီ။

မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိသည်။ ယခုအခါ နိုင်ငံတော်က ပြည်ပပို့ကုန် တိုးမြှင့်ရေးကို အားပေးသည့်အနေဖြင့် ပြည်ပပို့ကုန်(၇)မျိုးကို ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုလိုက်ပြီဖြစ်သည်။ ဆန်စပါးသာမက ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေထွက်ပစ္စည်းများနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်ပို့မှု ပိုမိုတိုးတက်များပြားလာမည်ဖြစ်သည်။

နိုင်ငံ၏ စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးမှုမှတစ်ဆင့် စက်မှုကဏ္ဍဖွံ့ဖြိုးလာစေရန် ကြိုးပမ်းအားထုတ်ကြရပေမည်။ လက်ရှိတင်ပို့နေသည့် အခြေခံကုန်စည်များသာမက ပို့ကုန် ဦးစားပေး စက်မှုလုပ်ငန်းများ ထူထောင်သွားကြရပေမည်။ စားသောက်ကုန် ထုတ်လုပ်မှု အနေဖြင့်လည်း ပြည်ပပို့ကုန်တင်ပို့မှု တိုးတက်မြင့်မားရေး ဆောင်ရွက်ကြရပေမည်။ ပြည်တွင်းသို့ သွင်းကုန်တင်သွင်းမှုများ လျော့ကျသွားရေး စွမ်းဆောင်နိုင်မှ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးလာမည်ဖြစ်သည်။

နိုင်ငံအတွင်း စက်ရုံကြီးများ၊ စက်မှုလုပ်ငန်းကြီးများ ပေါ်ထွက်လာစေရန် စက်မှုနယ်မြေများ၊ စက်မှုဇုန်များကို ထူထောင်ထားရှိနေပြီ။ ဒေသအလိုက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ စက်ရုံ၊ အလုပ်ရုံသစ်များ တိုးချဲ့တည်ဆောက်၍ ကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည်။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်လာမည်။ လူနေမှုဘဝ အဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်သည်။

စက်မှုနယ်မြေများ၊ စက်မှုဇုန်များ ဒေသအလိုက် ထူထောင်၍ ကုန်ပစ္စည်းများ ထုတ်လုပ်နေခြင်းသည် အားတက်ဖွယ်ရာဖြစ်သည်။ ကုန်ထုတ်လုပ်သူများအနေဖြင့် သုံးစွဲသူများ စိတ်ကျေနပ်လက်ခံနိုင်မည့် ပစ္စည်းများ ပိုမိုထုတ်လုပ်ကြရပေမည်။ အထူးသဖြင့် ဈေးကွက်တွင် နိုင်ငံတကာထွက်ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ရောင်းချနိုင်ရေး အရည်အသွေး စံချိန်စံညွှန်းမီ ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေး အလေးထားကြရပေမည်။

ကုန်သွယ်မှုမြှင့်တင်လာနိုင်မှုနှင့်အတူ တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာမည်ဖြစ်သည်။ ဒေသအလိုက် စက်မှုလုပ်ငန်းများ ထူထောင်ပြီး အရည်အသွေးကောင်း ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်တင်ပို့လာနိုင်ရေး အစဉ်တစိုက် အားထုတ်ကြိုးပမ်း စွမ်းဆောင်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

ကွယ်လွန်သူ ဒေါ်စောကျင်၊ ဒေါ်မြခင်နှင့် ဗိုလ်ကြီးကြည်မောင်(တပ်မတော်-ရေ၊ ငြိမ်း)တို့အား ရည်စူး၍ တိုက်(၄)အခန်း(၆)ဘုရင့်နောင်ရိပ်သာနေ ဒေါ်ငွေငွေမိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေနှင့် ရေတိုင်ကီ သုံးလုံးအတွက် အလှူငွေကျပ် ၂၃ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးမောင်တင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၇-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၈၈၁၇	၀. ၀၃၃၄၇
တရုတ် (ယွမ်)	၆. ၃၈၈၂၀	၀. ၁၅၆၅၄
အိန္ဒိယ (ရူပီး)	၄၅. ၃၁၀၀	၀. ၀၂၂၀၇
မလေးရှား (ရင်းဂစ်)	၂. ၉၇၆၅၀	၀. ၃၃၅၉၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၁၅၅	၀. ၈၃၂၂၆
ဂျပန် (ယန်း)	၇၆. ၅၀၇၈	၀. ၀၁၃၀၇
တောင်ကိုရီးယား(ဝမ်)	၁၀၆၉. ၀၉	၀. ၀၀၀၉၄
ယူရို	၀. ၆၉၁၀၉	၁. ၄၄၆၉၉
ဗြိတိသျှ (ပေါင်)	၀. ၆၀၆၅၂	၁. ၆၄၈၇၄

အင်တာနက်။

ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေအား ထိုင်းနိုင်ငံ PTTEPI မှ President & CEO နှင့် အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၇

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေအား စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ထိုင်းနိုင်ငံ PTTEPI မှ President & CEO Mr. Anon Sirisaengtaksin နှင့် အဖွဲ့သည် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ စွမ်းအင်ဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲတွင် စွမ်းအင်ဝန်ကြီးဌာနနှင့် PTTEPI တို့၏ အကျိုးတူပူးပေါင်း လုပ်ဆောင်လျက်ရှိသော မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-9 ရှိ ဇောတိကစီမံကိန်းအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ လုပ်ကွက်အမှတ် M-3 ရှိ လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးနှင့် ကုန်းတွင်းပိုင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး အစီအစဉ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် PTTEPI မှ CEO နှင့် အဖွဲ့ဝင်များသည် စွမ်းအင်ဝန်ကြီးရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် ဇောတိကစီမံကိန်း၏ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် PTTEPI တို့အကြား နှစ်ဖက်ဆွေးနွေးသဘောတူညီချက်မှတ်တမ်း လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ စွမ်းအင်စီမံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေအား ထိုင်းနိုင်ငံ PTTEPI မှ President & CEO Mr. Anon Sirisaengtaksin နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ MBA သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၁၇

ထိုင်းနိုင်ငံတက္ကသိုလ်မှ ဖွင့်လှစ်သည့် Master of Business Administration (MBA) သင်တန်းကို ရန်ကုန်မြို့ မြန်မာအင်ဖိုတက်ခ်တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းကို စက်တင်ဘာလတွင် ပထမအသုတ်နှင့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဒုတိယအသုတ် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဘာသာရပ် ၁၆ ခု ပါဝင်ပြီး သင်တန်းကာလမှာ ၁၆ လ ကြာမြင့်မည်ဖြစ်သည်။ သင်တန်းကို တနင်္လာနေ့မှ သောကြာနေ့အထိ ညနေပိုင်းနှင့် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက်မှ ညနေအထိ သင်ကြားမည်ဖြစ်သည်။

တက်ရောက်လိုသူများအနေဖြင့် တက္ကသိုလ်မှ ဘွဲ့ရရှိထားပြီး ပထမနှစ်မှ နောက်ဆုံးနှစ်အထိ ရရှိထားသောအမှတ်စာရင်း တင်ပြရမည်ဖြစ်ကာ ဝင်ခွင့်အင်တာဗျူးဖြေဆိုရမည်ဖြစ်သည်။

ယင်းသင်တန်းအောင်မြင်ပြီးပါက ထိုင်းနိုင်ငံတွင် နှစ်ပတ်ကြာပြုလုပ်မည့် အလုပ်ရုံသို့ တက်ရောက်ပြီး ဘွဲ့ယူရမည်ဖြစ်သည်။ လျှောက်ထားလိုသူများနှင့် အသေးစိတ်သိလိုပါက Myanmar Professional Development Centre (MPDC) အဆောင်(၄) အခန်း(၁) Myanmar Info-Tech တက္ကသိုလ်များ လှိုင်နယ်မြေ လှိုင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၀၇၀၄၃၊ ၅၀၇၀၄၇၊ ၀၉-၅၀၂၃၀၉၀နှင့် ၀၉-၅၀၂၈၄၈၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်ကွန်ပျူတာ အာစရိယပူဇော်မည်

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ၁၉၈၆-၂၀၀၉ တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ဩဂုတ် ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ(ရန်ကုန်တက္ကသိုလ်)၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ယခုလက်ရှိ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် ပညာသင်ကြားပေးခဲ့ကြသည့် ဆရာ၊ ဆရာမများနှင့် ယခု လက်ရှိ သင်ကြားလျက်ရှိသည့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများထဲမှ ဆရာ၊ ဆရာမများအဖြစ် သင်ကြားပို့ချလျက်ရှိသူများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အာစရိယပူဇော်ပွဲသို့ တက်ရောက်ကြပါရန်နှင့် ကွယ်လွန်သွားကြသည့် ဆရာကြီး၊ ဆရာမကြီးများအားရည်စူး၍ ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းများသို့ အလှူငွေများ ပေးအပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် ကိုသိန်းဇော်(5th) ဖုန်း-၀၉-၂၂၁၅၉၆၈၊ ကိုသက်ထွန်းခိုင်(8th)ဖုန်း-၀၁-၅၀၃၉၄၄၁၊ ကိုနေလင်းဇင်(10th)ဖုန်း-၀၉-၅၁၄၈၈၃၉၊ ကိုရဲဝင့်ထူး(14th)ဖုန်း-၀၉-၅၀၀၃၇၀၀နှင့် မအိသီဂီ(15th) ဖုန်း-၀၉-၈၆၀၀၀၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုဘာသာရပ်အတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

(ခေတ်အကြိုက်)တေးသီချင်းပြိုင်ပွဲအတွက်

၁။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား)

(၁)	မောင်တို့ချယ်ရီမြေ	ခေတ်ပေါ်စတီရီယိုတေး	ဝင်းဦးနှင့်အဖွဲ့
(၂)	ပိတောက်ရိပ်ဝယ်	ခေတ်ပေါ်စတီရီယိုတေး	ဝင်းဦး
(၃)	စည်းလုံးခြင်းအတွက်တေးတစ်ပုဒ်	အကျိုးပြုတေး	ဇော်ဝင်းထွဋ်
(၄)	အဖေနှင့်သားများ	အကျိုးပြုတေး	ချစ်ကောင်း
(၅)	ဇာတိမာန်	အကျိုးပြုတေး	ရဲဘော်ခင်မောင်လှ
(၆)	ငွေစင်ရော်	ခေတ်ပေါ်စတီရီယိုတေး	ဝင်းဦး
(၇)	ပန်းတွေနဲ့ဝေ	ခေတ်ပေါ်စတီရီယိုတေး	စန္ဒရားလှထွတ်
(၈)	မဟာ	အကျိုးပြုတေး	ဇော်ဝင်းထွဋ်

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသမီး)

(၁)	တိမ်ပလီနွေနှောင်း	ခေတ်ပေါ်စတီရီယိုတေး	ချိုပြုံး
(၂)	စည်းလုံးနေတဲ့ တို့တပ်မတော်ပါ	အကျိုးပြုတေး	စိမ်းမို့မို့
(၃)	အမြင့်အတိုင်း	အကျိုးပြုတေး	ပိုးအိစံ
(၄)	ထာဝရငြိမ်းချမ်းရေး	အကျိုးပြုတေး	မေဆွိ
(၅)	မဲဇာမြိုင်	ခေတ်ပေါ်စတီရီယိုတေး	မေရှင်
(၆)	ရွှေပင်လယ်	ခေတ်ပေါ်စတီရီယိုတေး	နွဲ့ယဉ်ဝင်း
(၇)	တစိမ့်စိမ့်ရင်ထဲမယ်	ခေတ်ပေါ်စတီရီယိုတေး	ကော်နီ
(၈)	လွမ်းငွေ့ဝေဝေ	ခေတ်ပေါ်စတီရီယိုတေး	ဖြူသီ

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)

(၁)	ထာဝရခရီးသည်	ခေတ်ပေါ်စတီရီယိုတေး	ထူးအယ်လင်း
(၂)	တို့ယုံကြည်	အကျိုးပြုတေး	ကိုင်ဇာ
(၃)	သဘာဝရဲ့ရင်သွေးငယ်	ခေတ်ပေါ်စတီရီယိုတေး	စိုင်းထီးဆိုင်
(၄)	ပန်းချစ်သူ	ခေတ်ပေါ်စတီရီယိုတေး	ခင်မောင်တိုး

၄။ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)

(၁)	ကမ္ဘာတည်နေသရွေ့ မြန်မာပြည်ရှိနေမှာ	အကျိုးပြုတေး	ဟေမာနေဝင်း
(၂)	ချစ်သူရဲ့သီချင်း	စတီရီယိုတေး	ထွန်းအိန္ဒြာဗို
(၃)	မြန်မာပြည်ကိုလာပါ	အကျိုးပြုတေး	အဖွဲ့
(၄)	လာချင်ရင်အနီးကလေး	ရေဒီယို/စတီရီယိုတေး	Lဆိုင်းဇီ

(ဆက်လက်ဖော်ပြပါမည်။)

အိန္ဒိယနှင့် နီပေါသို့ ဘုရားဖူးအဖွဲ့များစေလွှတ်ရေး ညှိနှိုင်းစည်းဝေး
ဘုရားဖူးပြည်သူများ အဆင်ပြေချောမွေ့စေရေး ဝန်ဆောင်မှုအပြည့်အဝပေးရန်လို

နေပြည်တော် ဩဂုတ် ၁၇

သာသနာရေးဝန်ကြီးဌာနက သံဝေဇနီယလေးဌာန တည်ရှိရာ အိန္ဒိယသမ္မတနိုင်ငံနှင့် နီပေါဒီမိုကရက်တစ် ပြည်ထောင်စုသမ္မတနိုင်ငံတို့သို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဝန်ကြီးဌာန အနေဖြင့် သံဝေဇနီယ လေးဌာနတည်ရှိရာ အိန္ဒိယ သမ္မတနိုင်ငံနှင့် နီပေါဒီမိုကရက်တစ် ပြည်ထောင်စုသမ္မတနိုင်ငံတို့သို့ ဘုရားဖူး သွားရောက်ကြမည့် ဗုဒ္ဓဘာသာဝင်ပြည်သူများ စိတ်အေးချမ်းမြေ့စွာ သွားရောက်ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘုရားဖူးပို့ဆောင်ရေးအဖွဲ့များ အနေဖြင့်လည်း ဘုရားဖူးပြည်သူများ သွားလာ၊ နေထိုင်၊ စားသောက်မှု အဆင်ပြေချောမွေ့စေရေး အတွက် ဝန်ဆောင်မှု အပြည့်အဝပေးရန် လိုကြောင်း၊ ထို့အပြင် နိုင်ငံတော်က ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပေးဆောင်ရမည့် အခွန်အခများကိုလည်း အပြည့်အဝပေးဆောင်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ဌေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က ဘုရားဖူးပြည်သူများ အဆင်ပြေချောမွေ့စွာ သွားရောက်ဖူးမြော်နိုင်ရေးအတွက် ကြိုးကြပ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံကူးလက်မှတ်ရရှိရေး၊ ပြည်ပထွက်ခွာမှုစီစဉ်ရေး ဆပ်ကော်မတီ၊ ဘုရားဖူးအဖွဲ့များ စုစည်းဖွဲ့စည်းပေးရေးဆပ်ကော်မတီ၊ လေယာဉ်လက်မှတ် စီစဉ်ရေးနှင့် ပို့ဆောင်ရေး ဆပ်ကော်မတီ၊ ဘုရားဖူးအဖွဲ့၏ ခရီးဆောင်ပစ္စည်းများ စစ်ဆေးရေးဆပ်ကော်မတီ၊ သံဝေဇနီယလေးဌာနသို့ ဘုရားဖူးအဖွဲ့များ လိုက်ပါပို့ဆောင်ရေးနှင့် သွားလာ၊နေထိုင်၊ စားသောက်မှုစီစဉ်ရေး ဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေး ဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ကြမည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အောင်ချမ်းသာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့၊ ရန်ကုန် ဗုဒ္ဓဂယာဘုရားဖူး အဖွဲ့နှင့် မေသူမောင် ဗုဒ္ဓဂယာဘုရားဖူး အဖွဲ့တို့မှ အုပ်ချုပ်မှုဒါရိုက်တာများက ဘုရားဖူးပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကဏ္ဍအလိုက် အထွေထွေဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာနက သံဝေဇနီယလေးဌာန တည်ရှိရာ အိန္ဒိယသမ္မတနိုင်ငံနှင့် နီပေါဒီမိုကရက်တစ် ပြည်ထောင်စုသမ္မတနိုင်ငံတို့သို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဘရာဇီးသံအမတ်ကြီးနှင့် ဧည့်သည်အဖွဲ့များ သီးခြားစီ လာရောက်တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jose Carlos da Fonseca Junior သည် ယနေ့နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) မှ Mr.Bernd Schell ခေါင်းဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် လည်းကောင်း၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ဗန်ကောက်မြို့ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ (EAPRO)ရုံးမှ Regional Director, Ms.Anupama Rao Singh သည် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr.Ramesh Shrestha လိုက်ပါလျက် ယနေ့နံနက် ၁၀နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ဘရာဇီးပြည်ထောင်စု သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံရာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ကျန်းမာရေးလုပ်ငန်းကိစ္စရပ်များ၊ နည်းပညာဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပညာသင်စေလွှတ်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) နှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ မိတ်ဖက်အသင်းများ ဖြစ်ကြသည့် ပြင်သစ်ကြက်ခြေနီအသင်း၊ ဒိန်းမတ်ကြက်ခြေနီအသင်း၊ ဩစတြေးလျ ကြက်ခြေနီအသင်းစသည့် အသင်းများနှင့် လူမှုရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ အရှေ့အာရှနှင့် ပစိဖိတ်ဒေသရုံး (EAPRO) မှ Regional Director နှင့်တွေ့ဆုံရာတွင် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လက်ရှိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ မွေးကင်းစနှင့် ကလေးသူငယ်များ သေဆုံးမှုနှုန်း လျှော့နည်းကျဆင်းရေးအတွက် အလေးပေးဆောင်ရွက်ရန် ကိစ္စရပ်များနှင့် စီမံချက်လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးမြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်နှင့် ဒေါက်တာ ဝင်းမြင့်၊ ကျန်းမာရေးဦးစီးဌာနနှင့် ဆေးသိပ္ပံပညာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) မှ Mr.Bernd Schell ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။(သတင်းစဉ်)

ထိုင်းနိုင်ငံဘုရင်မင်းမြတ်၏ မိဖုရားကြီးမွေးနေ့ အထိမ်းအမှတ်အဖြစ် အလှူငွေလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ထိုင်းနိုင်ငံဘုရင်မင်းမြတ်၏ မိဖုရားကြီး Sirikit ၏ (၇၉)နှစ်မြောက် မွေးနေ့ အထိမ်းအမှတ်အဖြစ် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မတက္ကသိုလ် (International Institute of Abhidhamma) သို့ အလှူငွေ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ အဆိုပါ တက္ကသိုလ် သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မတက္ကသိုလ် ဥက္ကဋ္ဌနှင့် ဒုတိယ ပါမောက္ခချုပ် ဦးမြသန်းက အမှာစကား ပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Apirath Vienravi က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ယင်းနောက် သံအမတ်ကြီးက လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၃၅၀၀ ကို ပေးအပ်လှူဒါန်းရာ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မတက္ကသိုလ် ဥက္ကဋ္ဌနှင့် ဒုတိယ ပါမောက္ခချုပ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့နေ ဦးဇော်မြင့်ဝင်းနှင့် ဇနီး မိသားစုက ဖခင်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဝင်း(ငြိမ်း)၊ ကွယ်လွန်သူ မိခင်ကြီး ဒေါ်သန်းသန်းမြင့်တို့ကို အမှူးထား၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းစဉ်။ (ကြေးမုံ)

အင်ဂျင်နီယာဒီပလိုမာသင်တန်းများ ဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၇

အင်္ဂလန်နိုင်ငံမှ အင်ဂျင်နီယာဒီပလိုမာသင်တန်းများကို ပြည်တွင်း၌ပင် သင်ကြားနိုင်ပြီး အင်္ဂလန်နိုင်ငံ အသိအမှတ်ပြုဒီပလိုမာလက်မှတ်ရရှိမည်ဖြစ်ကြောင်း သိရသည်။

အင်ဂျင်နီယာအခြေခံမရှိသူများပါ တက်ရောက်နိုင်ရန် အင်ဂျင်နီယာအခြေခံ (Foundation Course) များကိုပါ ထည့်သွင်းသင်ကြားပေးပြီး သင်တန်းကာလ တစ်နှစ်အတွင်း၌ စာတွေ့နှင့် လက်တွေ့သင်ကြားရပြီး မေဂျာဘာသာရပ်နှင့် ဆက်စပ်သော လက်တွေ့ကျွမ်းကျင်သင်တန်း နှစ်ခုကိုပါ ထည့်သွင်းသင်ကြားပေးမည်ဖြစ်သည်။ City & Guilds အင်ဂျင်နီယာဒီပလိုမာ ဘာသာရပ်များ၏ အရည်အချင်းစစ်စာမေးပွဲကို တစ်နှစ်လျှင် ဇွန်လနှင့် ဒီဇင်ဘာလများတွင် ကျင်းပပြီး ဘာသာရပ်များကိုခွဲ၍ ဝင်ရောက်ဖြေဆိုခွင့်ရှိသည်။

အင်ဂျင်နီယာဒီပလိုမာဘာသာရပ်ကို တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများသည် (နေ့၊ အဝေးသင်)တက္ကသိုလ်ဖြင့် ယှဉ်တွဲပြီး တက်ရောက်နိုင်သည်။ အင်ဂျင်နီယာပညာရပ်ကို စိတ်ပါဝင်စားသည့် မည်သည့်ဘွဲ့ရမဆို တက်ရောက်နိုင်သကဲ့သို့ အင်ဂျင်နီယာဒီပလိုမာဘွဲ့ရရှိပြီး နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ရလိုသူများလည်း တက်ရောက်နိုင်ကြောင်း သိရသည်။

အင်ဂျင်နီယာလက်မှတ်ရ ကျောင်းသားများအတွက် ပြည်တွင်းပြည်ပ အလုပ်လျှောက်ထားပေးပြီး ပြည်ပအလုပ်လျှောက်ထားလိုသူများကို မြန်မာနိုင်ငံရှိ လိုင်စင်ရ အလုပ်အကိုင် အေဂျင်စီများမှတစ်ဆင့် တရားဝင်အလုပ်ရရှိရန် ပြင်ဆင်ပေးခြင်း၊ ဘာသာရပ်ရွေးချယ်ပေးခြင်းနှင့် ပြင်ဆင်ထားရမည့် လုပ်ငန်းခွင်အတွေ့အကြုံတို့ကိုပါ တိုင်ပင်ဆွေးနွေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

City & Guilds အင်ဂျင်နီယာဒီပလိုမာဘာသာရပ်၏ တန်းခွဲသစ်ကို စက်တင်ဘာ ၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများသည် အမှတ်(၅) ဘီ(၅) လေးလွှာ ဦးထွန်းလင်းခြံလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၂၄၂၀၊ ၅၃၉၄၀၃ နှင့် ၀၉-၇၃၀၃၂၆၇၀ တို့သို့ ဆက်သွယ်နိုင်သည်။ (ကြေးမုံ)

မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၇

စစ်တောင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၅၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၈၇ စင်တီမီတာ (သုံးပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

မြို့ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်

မိတ္ထီလာ ဩဂုတ် ၁၇

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေဖူလုံစွာရရှိရေး၊ ရေအလေအလွင့်နည်းပါးစေရေး၊ ရပ်ကွက်နေပြည်သူများ ရေအပြည့်အဝရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရေစက်ရုံ(၁) မှ ဂါလန် ၉၆၀၀၀ ဆံ့ ရေစင်သို့ ရေတင်ပို့သော ၁၂ လက်မ သံပိုက် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသန်းအေး ကွင်းဆင်းစစ်ဆေးသည်။

(မြို့နယ်စည်ပင်)

မြို့သာယာလှပရေးလုပ်ငန်း ဆောင်ရွက်

မိုးနဲ ဩဂုတ် ၁၇

မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မိုးနဲမြို့ အဝင်လမ်းမကြီးဘေးတွင် လမ်းဘေးကပ်တုံးများ ပြုလုပ်ဆောင်ရွက်နေမှုကို ဩဂုတ် ၁၄ ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇေယျာမင်းထွန်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

(မြို့နယ်စည်ပင်)

ဩဂုတ် ၁၆ ရက်က တောင်ငူမြို့ ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ရေဘေးသင့်ပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြစဉ်။ (သတင်းစဉ်)

ရေဘေးသင့်ပြည်သူများအတွက် ငွေလှူဒါန်း

ဩဂုတ် ၃ ရက်က ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ် သက်ပြင်ကျေးရွာအုပ်စု ဖက်စလက်ရွာရှိ ရေလွှမ်းမိုးခြင်းခံရသော အိမ်ထောင်စုဝင်များအတွက် မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်) ဥက္ကဋ္ဌ ဒေါက်တာဦးကြည်ဖေက ငွေကျပ်ငါးသိန်းပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုး လက်ခံစဉ်။ (သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တောင်ငူမြို့နယ်၌ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၇

မိုးသည်းထန်စွာရွာသွန်းမှုနှင့် စစ်တောင်းမြစ်ရေလျှံမှုတို့ကြောင့် ရေဝင်ရောက်မှုရှိသော တောင်ငူမြို့နယ် ရပ်ကွက်နှင့်ကျေးရွာများရှိ တိရစ္ဆာန်များ ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် တောင်ငူခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့ ပူးပေါင်းလျက် ဩဂုတ် ၁၄ ရက်မှ စတင်၍ ရပ်ကွက်(၁)၊ (၈)၊ (၉)နှင့်(၁၀)၊ မိုးကောင်းကျေးရွာအုပ်စု ၊ ကမ်းနီကျေးရွာအုပ်စု၊ အနောက်ဆင်ကျေးရွာအုပ်စု၊ သဖန်းပင်ကျေးရွာအုပ်စုနှင့် ရွှေလေးအင်းကျေးရွာအုပ်စုများ၌ ပညာပေးဟောပြောခြင်း၊ ကျွဲ၊ နွား ၇၂၀ တို့အား ခွာနာလျှာနာကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကျွဲ၊ နွား၊ ဝက် ၃၅၁ ကောင်အား အင်အားဖြည့်အားဆေးများ ထိုးနှံပေးခြင်း၊ မကျန်းမာသည့် တိရစ္ဆာန်များအား ဆေးကုသပေးခြင်းစသည့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူ့ထံမှ ပေးစာများ

လမ်းကြားအမှိုက်များ ရှင်းလင်းစေလို

စာတည်းရှင့်-

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက်(၉၈)လမ်းနှင့် (၉၇)လမ်းအကြား နောက်ဖေးလမ်းကြားတွင် အမှိုက်များ ရှင်းလင်းမှုမရှိခြင်း၊ အထပ်မြင့်အခန်းများမှ အမှိုက်များ ပစ်ချနေခြင်းတို့ကြောင့် အမှိုက်ပုံမြင့်တက်ပြီး ရေမြောင်း၊ မိလ္လာကန်များမြုပ်လုနီးရှိပါသည်။ ရေစီးရေလာပိတ်ဆို့ပြီး အနံ့အသက်ဆိုးများကြောင့် ကျန်းမာရေးထိခိုက်စေပါသဖြင့် လမ်းကြားအမှိုက်များ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူတစ်ဦး

သောက်ရေကန်အနီးမှ အမှိုက်ပုံဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက် မြင်သာ(၄)လမ်း (အထက်ပိုင်း) လမ်းထဲသို့ ဝင်သောလမ်းထိပ်မျက်နှာရှိလမ်းတစ်လျှောက်နှင့် အများသုံးရေကန်အနီးတွင် စည်းကမ်းမဲ့ အမှိုက်များ စွန့်ပစ်စုပုံထားရာ ရေမြောင်းပိတ်ဆို့၍ အမှိုက်ပုံမှအနံ့ဆိုးများကို နေ့စဉ် ရှူရှိုက်ရခြင်းကြောင့် ကျန်းမာရေးထိခိုက်စေပါ၍ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

ဈေးပိတ်ရက် စည်းကမ်းနှင့်အညီ ဆောင်ရွက်ပြီးစီး

၂၀-၇-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မအူပင်မြို့ အောင်ရတနာဈေးပိတ်ရက် စည်းကမ်းနှင့်မညီ ဝင်ထွက်နေ ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်)

သ င့် သွေး ဖြ င့် အ သ က် က ယ် ပါ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဒုက္ခသည် စခန်းတစ်ခုရှိ လက်ဖြစ်တဲငယ် အတွင်း တွေ့မြင်ရသော အငတ်ဘေးသင့် ဆိုမာလီယာကလေးတစ်ဦးအား တွေ့ရစဉ်။

ဆိုမာလီယာ အငတ်ဘေးဒုက္ခသည်များအတွက် ထားရှိသော စားနပ်ရိက္ခာများ ခိုးယူခံခဲ့ရ

မိုဂါဒစ်ရှူး ဩဂုတ် ၁၇

ဆိုမာလီယာ အငတ်ဘေးဒုက္ခသည်များအတွက် ရည်ရွယ်ထားရှိသော စားနပ်ရိက္ခာထုပ် ထောင်ပေါင်းများစွာအား မသမာသူတို့က ခိုးယူ၍ ဈေးများ၌ရောင်းချလျက်ရှိရာ ဒုက္ခသည်စခန်းများရှိ ကလေးငယ်များမှာ အစာရေစာ လုံလောက်စွာရရှိနိုင်ခြင်းမရှိသေးကြောင်း ဩဂုတ် ၁၇ ရက် သတင်းများတွင် ဖော်ပြသည်။

ဆိုမာလီယာနိုင်ငံ၌ နှစ်လတာအတွင်းဖြစ်ပွားခဲ့သော စားနပ်ရိက္ခာ ခိုးယူခံရမှုများကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(ဒဗလျူအက်ဖ်ပီ)က ပထမဆုံးအကြိမ်အဖြစ် ထုတ်ဖော်ပြောကြားခဲ့သည်။

ဝိသမလောဘသားများကြောင့် အငတ်ဘေးဆိုက်ဒုက္ခသည်များအား ပေးအပ်နေသောအကူအညီများကို ရပ်ဆိုင်းမည်ဆိုပါက ဒုက္ခသည်အများအပြားမှာ မလိုအပ်ဘဲ သေဆုံးကြရမည်ဖြစ်ကြောင်း ဒဗလျူအက်ဖ်ပီ၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ပြည်တွင်းစစ်မီး တောက်လောင်ဆဲကာလ၌ မိုးခေါင်ရေရှားဘေးဒုက္ခကိုပါ ထပ်ဆင့်ခံစားခဲ့ရသောကြောင့် ဆိုမာလီယာနိုင်ငံသား ၃ ဒသမ ၂ သန်းတို့မှာ စားနပ်ရိက္ခာအကူအညီများ လိုအပ်နေပြီး ကပ်ဘေးစတင်ကျရောက်ချိန်မှစ၍ ယနေ့အထိ အသက်ငါးနှစ်အောက် ဆိုမာလီယာကလေး ၂၉၀၀၀ တို့သည် အာဟာရပြတ်လပ်မှုကြောင့် သေဆုံးခဲ့ရပြီးဖြစ်သည်။ ***အင်တာနက်။***

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဩဂုတ် ၁၇

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဩဂုတ် ၁၇ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၄၂၂၅ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၁၉၂၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၄၂၂၅ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၉၂၄ ဦး

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဩဂုတ် ၁၇

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၁၇ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၆၈၄၁ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၈၀၈၂၆ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၆၈၄၁ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၈၀၈၂၆ ဦး

အင်တာနက်။

ရေခြိုးခြံချွေတာသုံးစွဲရေး ဟူစတန်မြို့တော်ဝန် ပြောကြား

ဟူစတန် ဩဂုတ် ၁၇

အမေရိကန်နိုင်ငံရှိ စတုတ္ထအကြီးဆုံး မြို့ကြီးဖြစ်သော ဟူစတန်မြို့၌ မိုးခေါင်မှုဆက်လက်ဖြစ်ပေါ်နေသဖြင့် ရေခြိုးခြံချွေတာသုံးစွဲရေးအစီအစဉ်များကို မြို့တော်ဝန်က ထုတ်ပြန်ကြေညာလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဟူစတန်မြို့သူ မြို့သားများသည် မိမိတို့နေအိမ်၌ ရေယိုစိမ့်မှုကိုတွေ့ရှိပါက ချက်ချင်းပြင်ဆင်မှုများပြုလုပ်ရန်၊ နေအိမ်ပြတင်းတံခါးများနှင့် အဆောက်အအုံဆေးကြောမှုများကို ဆိုင်းငံ့ထားရန်၊ နေအိမ်ပြင်ပသို့ ရေသွယ်ယူသုံးစွဲမှုကို ရက်သတ္တတစ်ပတ်လျှင် နှစ်ရက်သာပြုလုပ်ရန်၊ အရေးတကြီး ပြုပြင်ထိန်းသိမ်းရန်မလိုအပ်ဘဲ မော်တော်ယာဉ်များကို ဆေးကြောမှုမပြုလုပ်ရန် မြို့တော်ဝန်၏ညွှန်ကြားချက်တွင် ဖော်ပြသည်။

ဟူစတန်မြို့၌ ရေသွယ်ယူသုံးစွဲသည့် စနစ်များအားလုံးကို တာဝန်ရှိသူများက စစ်ဆေးသွားမည်ဖြစ်သည်။

ဆင်ဟွာ။

နျူကလီးယားဓာတ်အားပေးစက်ရုံ ယခုလကုန်၌ အီရန် ဖွင့်လှစ်မည်

တီဟီရန် ဩဂုတ် ၁၇

အီရန်နိုင်ငံ၏ ဘူရှီးနျူကလီးယား ဓာတ်အားပေးစက်ရုံကို ယခုလကုန်၌ဖွင့်လှစ်နိုင်ရန် စမ်းသပ်မှုများပြုလုပ်လျက်ရှိကြောင်း အီရန်အဏုမြူစွမ်းအင် အဖွဲ့အကြီးအကဲက ပြောကြားသည်။

ဘူရှီးနျူကလီးယားဓာတ်အားပေးစက်ရုံသည် အီရန်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကွန်ရက်၌ ပါဝင်လာမည်ဖြစ်ကြောင်း အဏုမြူစွမ်းအင်အဖွဲ့အကြီးအကဲ အက်ဘာစီက ပြောကြားသည်။ ဘူရှီးနျူကလီးယားဓာတ်အားပေးစက်ရုံကို ပထမအဆင့်ဖွင့်လှစ်သည့်အခါ ယင်းစက်ရုံက စုစုပေါင်းထုတ်လုပ်ပေးနိုင်မည့် လျှပ်စစ်ဓာတ်အား၏ ၄၀ ရာခိုင်နှုန်းကို စတင်ထုတ်ယူမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဂျပန်နိုင်ငံ၌ ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံတွင် အဏုမြူဓာတ်ရောင်ခြည်ဘေးအန္တရာယ် သင့်ရောက်သောဖြစ်ရပ် ပေါ်ပေါက်ခဲ့သဖြင့် ဘေးအန္တရာယ်လုံခြုံရေးအစီအစဉ်များကို အလေးထား အကောင်အထည်ဖော်မည်ဖြစ်ကြောင်း အက်ဘာစီက ပြောကြားသည်။

ဘူရှီးနျူကလီးယားဓာတ်အားပေးစက်ရုံကို ၁၉၇၅ ခုနှစ်တွင် ဂျာမနီနိုင်ငံမှ ကုမ္ပဏီများက စတင်ဆောက်လုပ်ခဲ့ကြသည်။

သို့ရာတွင် ၁၉၇၉ခုနှစ် အစ္စလာမ့်တော်လှန်ရေးဖြစ်ပွားပြီးနောက် အမေရိကန်နိုင်ငံက အီရန်နိုင်ငံသို့ အဆင့်မြင့်နည်းပညာသုံးပစ္စည်းကိရိယာများ ရောင်းချပေးမှုကို ပိတ်ပင်ခဲ့ရာ တည်ဆောက်မှု ရပ်ဆိုင်းခဲ့ရသည်။ ***ဆင်ဟွာ။***

သီးနှံအမျိုးအစားအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် လူနေမှုဘဝ တိုးတက်အောင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးလုပ်ဆောင်

နေပြည်တော် ဩဂုတ် ၁၇

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မွန်ပြည်နယ် မွန်ဘက်စုံဖွံ့ဖြိုးရေးစီမံချက် ဝေါကွန်ဆန်း(မြန်မာ)မှ အကြံပေးအရာရှိ ဒေါ်ဟယ်သာမောရစ် ဦးဆောင်သော ဝန်ထမ်း ၁၂ ဦး၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်မှ ဒေသခံတောင်သူ ၃၆ ဦး စုစုပေါင်း ၄၉ ဦးတို့အား ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ စိုက်ပျိုးမွေးမြူရေး ပေါင်းစည်းလယ်ယာစံပြစိုက်ကွင်း ဧက ၁၀၀ ၌ တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းတာဝန်ကို လက်တွေ့ကြိုးပမ်း အကောင်အထည်ဖော်နေသည့် အချိန်ကာလတွင် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်စေရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ဆန္ဒပြင်းပြစွာ လာရောက်လေ့လာကြမှုအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မွန်ပြည်နယ်တွင် မိုးစပါးဧက ရှစ်သိန်းရှစ်သောင်း၊ ကြံသီးနှံဧက ၆၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး စက်မှုကုန်ကြမ်းသီးနှံအဖြစ် ရော်ဘာဧက လေးသိန်းခြောက်သောင်းကျော် စိုက်ပျိုးအကောင်အထည်ဖော်ပြီးစီးမှု အခြေအနေအရ မွန်ပြည်နယ်သည် စိုက်ပျိုးရေးကို အဓိကအားထားရသော ပြည်နယ်ဖြစ်သည့်အားလျော်စွာ သီးနှံအမျိုးအစားအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းအားဖြင့် ပြည်နယ်၏တိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ရေမြေ၊ သယံဇာတ ပေါကြွယ်ဝသော မိမိတို့နိုင်ငံတွင် လူများကြိုးစားအားထုတ်မှုဖြင့် လူနေမှုဘဝကို ဖွံ့ဖြိုးတိုးတက်အောင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများ တွက်ခြေကိုက်သည့် မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူး ဆောင်ရွက်ပေးခြင်း၊ အထွက်နှုန်းတိုးတက်စေမည့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ပညာပေးခြင်း၊ လက်တွေ့စံပြစိုက်ပျိုးရေးခြံများ ထူထောင်ပြသ အကောင်အထည်ဖော်ခြင်းတို့ဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါကြောင်း၊ လေ့လာရေးအဖွဲ့ဝင်များ အနေဖြင့် စံပြစိုက်ခင်းကြီးများအတွင်း ဆန်စပါး၊ ကြံသီးနှံနှင့် မျိုးစေ့ထုတ်စိုက်ခင်းများကို အသေးစိတ်လေ့လာကြပြီး ဒေသဖွံ့ဖြိုးရေးအတွက် လက်တွေ့ကိုယ်တိုင် ကြိုးစားလုပ်ဆောင် အကောင်အထည်ဖော်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ လေ့လာရေးအဖွဲ့များသည် စိုက်ပျိုးမွေးမြူရေး ပေါင်းစည်းလယ်ယာ ဧက ၁၀၀ စိုက်ကွင်းအတွင်း ဖြစ်ထွန်းအောင်မြင်နေသော အထူးအထွက်တိုးနှင့် အထူးအထွက်ကောင်း စပါးစိုက်ခင်းများကို လေ့လာကြပြီး သက်တမ်း ၂၈ ရက်သားရှိ မော်ဘီကောက်ညှင်းမွှေး သိပ္ပံနည်းကျစိုက်ခင်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက အသေးစိတ်ရှင်းလင်း ပြသဆွေးနွေးပြီး တောင်သူများ၏သိလိုသည်များကို ရှင်းလင်းဖြေကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် တစ်ဧက တန် ၆၀ အထက် ထွက်ရှိမည့် သိပ္ပံနည်းကျ စိုက်ပျိုးထားသော အထူးအထွက်တိုးကြံစိုက်ခင်း ၁၀ ဧကကို သွားရောက်ကြည့်ရှုလေ့လာရာ တစ်ဧကဝင်ဆံ့ရမည့် အပင်ဦးရေ၊ ကြံရွက်များ ရှင်းလင်းခွေချခြင်း၊ ဓာတ်မြေဩဇာသွင်းအားစု ကျွေးနည်းစနစ်များကို မြန်မာ့ကြံလုပ်ငန်းဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းမြင့်က ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေးအဖွဲ့များသည် နံနက် ၉ နာရီတွင် ဒက္ခိဏသီရိမြို့နယ်ရှိ အထူးအထွက်တိုး စံပြစိုက်ခင်းဧက ၄၀ သို့ ရောက်ရှိကြပြီး ဖြစ်ထွန်းအောင်မြင်နေသော ၆၇ ရက်သား အထူးအထွက်တိုး သိပ္ပံနည်းကျ စပါးစိုက်ခင်းမှ ပင်ပွားများ အနှံစတင်ထွက်ရှိနေမှုများ၊ အောင်နှံဖွံ့ဖြိုးရန် ပြုစုဆောင်ရွက်မှုများကို လေ့လာကြပြီး စိုက်ခင်းအတွင်း ခင်းကျင်းပြသထားသော လယ်ယာသုံး စက်ကိရိယာများနှင့် ကောက်စိုက်စက်များကို လေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် ဇေယျာသီရိမြို့နယ် ဘက်စုံစံပြစက်မှုလယ်ယာစနစ် စိုက်ခင်းဧက ၃၀ သို့ ရောက်ရှိလာကြပြီး စနစ်တကျစိုက်ပျိုးထားသော နဂါးမောက်စိုက်ခင်း၊ စပါးတင်း ၁၀၀၀ ဝင်ဆံ့ သိုလှောင်နိုင်သော သိုလှောင်ရုံ (Silo) နှင့် တစ်ကြိမ် ၄ နာရီမှ ၆ နာရီ အခြောက်ခံလျှင် တင်း ၂၀၀ ကျသော အခြောက်ခံစက် (Dryer) တို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့သည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အထူးအထွက်တိုး စပ်မျိုးစေ့ ဧက ၁၀၀ မျိုးစေ့ထုတ်လုပ်ခြင်း စမ်းသပ်စိုက်ခင်းသို့ ရောက်ရှိကြရာ စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်နည်းပညာ အဆင့်ဆင့်ကို ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသိန်းလွင်က ရုပ်ပုံဇယားကားချပ်များဖြင့် ရှင်းလင်းဆွေးနွေးပြသပြီး မျိုးစေ့ထုတ်စမ်းသပ်စိုက်ကွင်း၌ ၁၇ ရက်သားရှိ အဖိုအောင်ထိန်းလိုင်း (R) လိုင်းများ ပေါင်စနစ်ဖြင့် စနစ်တကျ ပျိုးထောင်ထားသော ပျိုးခင်းများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်မှ ဒေသခံတောင်သူများအား နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ စိုက်ပျိုးမွေးမြူရေး ပေါင်းစည်းလယ်ယာစံပြစိုက်ကွင်း ဧက ၁၀၀၌ ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၈-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၀ ၂။ FIFA U-20 WORLD CUP 2011 COLUMBIA ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဆီမီးဖိုင်နယ်) (ဘရာဇီးနှင့် မက္ကဆီကို)
- ၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ တေးဂီတအစီအစဉ်
- ၄း၁၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၂၅ ၄။ အဆိုပြိုင်ပွဲ
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၅ ၇။ သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
- ၅း၂၀ ၈။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား၊ အမျိုးသမီး)
- ၅း၄၀ ၉။ "အများပြည်သူကျန်းမာရေးအတွက် ပြည့်စုံ ကန့်ဘလူခုတင်(၁၀၀) ဆံ့ ဆေးရုံ"
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ **ပျော်ရွှင်စေသော နေ့ရက်များ "အချစ်ကော်ဖီ" (အပိုင်း-၆၃)**
- ၆း၃၅ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြံကြံဖန်ဖန်အမွေဆိုင်" (အပိုင်း-၁၉)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **"အစာလည်းဆေး၊ ဆေးလည်းအစာ"**
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ကြိုး" (အပိုင်း-၂၃)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၈၆)**
- ၂၁။ အစီအစဉ်ပြီး၏။

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Jose Carlos da Fonseca Junior လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ဧည့်သည်အဖွဲ့နှင့် ဘရာဇီးသံအမတ်ကြီးတို့ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၇

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dibo Mining Group Co., Ltd. ဥက္ကဋ္ဌ Mr.Sun Wenzhong ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၁၀နာရီတွင် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်း သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စများကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Jose Carlos da Fonseca Junior သည် မွန်းတည့် ၁၂ နာရီတွင် လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ သတ္တုတူးဖော်ထုတ်လုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အမှတ်(၁) သတ္တုတွင်းလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

အခြေခံယာဉ်မောင်းသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်ရင်းများ ကွပ်ကဲမှု အစီအစဉ်ဖြင့် ဖွင့်လှစ်သော အခြားအဆင့်တပ်ဖွဲ့ဝင်များ ယာဉ်မောင်းသင်တန်းအမှတ်စဉ် (၂/၂၀၁၁) ဖွင့်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၆)ရပ်ကွက်ရှိ သီရိမြိုင်ယာဉ်မောင်းသင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးမြင့်စိန် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

(အောက်ပုံ)

သင်တန်းဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးမှ ဒေသမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ရဲတပ်ရင်းမှူးများ၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဌာနခွဲမှူးများ၊ နယ်မြေမှူးများနှင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သင်တန်းသား ၃၀နှင့် ရဲတပ်ရင်းများ ကွပ်ကဲမှုအောက်ရှိ တပ်ရင်းများမှ သင်တန်းသား ၉၀ စုစုပေါင်း သင်တန်းသား ၁၂၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ဖွင့်လှစ်မည်ဖြစ်သည်။

(ကြေးမုံ)

သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

စဥ့်ကူး ဩဂုတ် ၁၇

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတ တိုးပွားရေးနှင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်စေရေးတို့အတွက် ဧရာဝတီမြစ်နှင့် ဆက်စပ်သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီက ညောင်ဝန်းကျေးရွာ မောင်းမကန်ကူးတို့ဆိပ်တွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူနှင့် မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီများ၊ ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးနိုင်နှင့် ဝန်ထမ်းများ၊ ရေနံ့သာ ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးဇော်မင်းနောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရေလုပ်သားတို့က ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး စုစုပေါင်း ကောင်ရေ သိန်း ၃၀ တို့ကို သဘာဝရေပြင်အတွင်းငါးမျိုးစိုက်ထည့်ပေးသည်။

(အပေါ်ပုံ)

(၆၂၉)

အစိမ်းရောင် စီးပွားရေးလုပ်ငန်းများ

မောင်သစ်တော

'အစိမ်းရောင် စီးပွားရေးလုပ်ငန်းများ'

'အစိမ်းရောင် စီးပွားရေးလုပ်ငန်းများ' (Green Economy) ဆိုသည်မှာ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိသော စီးပွားရေးလုပ်ငန်းများ၊ နေ၊ လေ၊ ရေစွမ်းအင်သုံး ကုန်ထုတ်လုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုခြင်းနှင့် လူသားများ၏ စားနပ်ရိက္ခာဖူလုံရေး၊ ကျန်းမာရေးနှင့် လူမှုအဆင့်အတန်း တိုးတက်လာစေရန်အတွက် ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများကို ဆိုလိုခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုများသည် ထောင်စုနှစ်ရည်မှန်းချက်များကို အဟန့်အတားဖြစ်စေသောကြောင့် သဘာဝပတ်ဝန်းကျင်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒများ ရွေးချယ်သတ်မှတ်ခြင်း၊ ခိုင်မာသောရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတို့သည် အကောင်းဆုံး ဖြေရှင်းပေးနိုင်မည့် လုပ်ငန်းများပင်ဖြစ်သည်။

အစိမ်းရောင် စီးပွားရေးလုပ်ငန်းများကို အသုံးပြုရခြင်း၏ အကြောင်းရင်းမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးလာမှုကြောင့် လူသားတို့ လက်တွေ့ကြုံတွေ့နေရသော ဆင်းရဲမှုနှင့် ငတ်မွတ်ခေါင်းပါးခြင်းများကို လျှော့ချရန်နှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေဘဲ အလုပ်အကိုင်နှင့် ဝင်ငွေများတိုးတက်ရရှိစေသောကြောင့် ရည်ရွယ်ဆောင်ရွက်ရခြင်းဖြစ်သည်။

ဆင်းရဲမှုလျှော့ချခြင်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် **'အစိမ်းရောင် စီးပွားရေးလုပ်ငန်းများ'** (Green Economy) ဆောင်ရွက်ရန် သန့်ရှင်းသောစွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို ကမ္ဘာ့မြေ ထိပ်သီးညီလာခံမှ သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ ကမ္ဘာ့မြေထိပ်သီးညီလာခံမှ ချမှတ်ပေးခဲ့သော **'ထောင်စုနှစ်ရည်မှန်းချက်များ'** (Millennium Development Goals) မှာ (၁) ဆင်းရဲမှုနှင့် ငတ်မွတ်ခေါင်းပါးမှုကို တိုက်ဖျက်ရန်၊ (၂) ကျား/မ အခွင့်အရေးညီမျှမှုကို တိုးမြှင့်ဆောင်ရွက်ရန်၊ (၃) အရွယ်ရောက်သူတိုင်း အခြေခံပညာရေးပြီးမြောက်အောင်မြင်ရန်၊ (၄) ကလေးငယ်များသေဆုံးမှုနှုန်းကို လျှော့ချရန်၊ (၅) မိခင်များ ကျန်းမာရေးအလေးပေးဆောင်ရွက်ရန်၊ (၆) အဓိကအဖြစ်များသော ရောဂါများကို တိုက်ဖျက်ရန်၊ (၇) သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရန်နှင့် (၈) ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်တို့ဖြစ်သည်။

လာမည့် ၂၀၁၂ ခုနှစ်တွင် Rio+20 ထိပ်သီးညီလာခံကို ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အဓိကဆွေးနွေးမည့် အချက်နှစ်ချက်မှာ အစိမ်းရောင်စီးပွားရေးလုပ်ငန်းနှင့် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာမူဘောင်များ ချမှတ်ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း သိရှိရသည်။

အစိမ်းရောင်မဟာဗျူဟာများ (Green Strategies)ကို အသုံးပြုအောင်မြင်နေသောနိုင်ငံများ

ကော်စတာရီကာနိုင်ငံသည် နိုင်ငံဧရိယာ၏ ၂၅ ရာခိုင်နှုန်းကို အမျိုးသားဥယျာဉ်များ (National Parks)နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ (Protected Areas) အဖြစ် တိုးချဲ့ဖွဲ့စည်းမည့်မူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုကို ဖော်ပြခဲ့သည်။ သဘာဝအခြေခံခရီးသွားလုပ်ငန်းမှ နှစ်စဉ်ခရီးသွား တစ်သန်းကျော် လာရောက်သဖြင့် လေ့လာရန် ဝင်ကြေးငွေသီးသန့်မှ အမေရိကန်ဒေါ်လာ ငါးသန်း ဝင်ငွေရရှိခဲ့သည်။ ထိုဧရိယာပတ်ဝန်းကျင်၌ နေထိုင်သော ဒေသခံများအနေဖြင့် အလုပ်အကိုင်ပိုမိုရရှိခြင်းကြောင့် ဝင်ငွေတိုးတက်ရရှိကာ ဆင်းရဲမှုနှုန်း လျှော့ချနိုင်ခဲ့သည်။

တရုတ်နိုင်ငံ၏ ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ငါးနှစ်စီမံကိန်းတွင် စွမ်းအင်ကဏ္ဍ၌ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် တပ်ဆင်အသုံးပြုခြင်းတို့ကို စီမံကိန်းချဆောင်ရွက်ခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်၌ လေစွမ်းအင်ကို အသုံးပြုမှု ဒုတိယအကြီးဆုံးဖြစ်ပြီး နေစွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်သော ပစ္စည်းများ ပြည်ပသို့ တင်ပို့ရာတွင် အမြင့်ဆုံးနိုင်ငံဖြစ်သည်။ နေရောင်ခြည်သုံး၍ ရေနွေးပေးစက်များကို နိုင်ငံ၏ ၁၀ ရာခိုင်နှုန်းသော အိမ်ထောင်စုများမှ အသုံးပြုသဖြင့် လူဦးရေ ၁ ဒသမ ၅ သန်းအား အလုပ်အကိုင်အခွင့်အလမ်း ရရှိစေခဲ့သည်။

ဘရာဇီးနိုင်ငံ ကူရီတီပါမြို့တော် မြို့ပြစီမံကိန်းမှ သယ်ယူပို့ဆောင်ရေးမူဝါဒများကို ပြင်ဆင်ဆောင်ရွက်ခဲ့သဖြင့် သွားလာရေးလွယ်ကူပြီး ကျန်းမာရေးဆိုင်ရာတိုးတက်မှု ရရှိစေခဲ့သည်။ ပျမ်းမျှအားဖြင့် လူတစ်ဦးအတွက် တစ်စတုရန်းမီတာမှ ၅၀ စတုရန်းမီတာအထိ သန့်ရှင်းသော လေကို ရှူရှိုက်ရန် နေရာရရှိခဲ့သည်။ ခရီးသွားခြင်း၌ အသုံးပြုသော လောင်စာဆီ ၁၃ ဆ ချွေတာနိုင်သဖြင့် လေထုညစ်ညမ်းမှုကို လျှော့နည်းစေကာ မြို့နေပြည်သူများကို ကျန်းမာရေးထောက်ပံ့မှုပြုနိုင်ခဲ့သည်။

နီပေါနိုင်ငံတွင် သစ်တောအသုံးပြုသူများအဖွဲ့ပေါင်း ၁၄၀၀၀ မှ ဒေသခံပြည်သူအခြေပြု မူဝါဒများ ချမှတ်ဆောင်ရွက်ကာ သစ်ခုတ်လှဲထုတ်ယူမှု ညွှန်ကြားချက်များ၊ စျေးနှုန်းသတ်မှတ်ခြင်းနှင့် အကျိုးအမြတ် ခွဲဝေခြင်းတို့ကို ဆောင်ရွက်ခဲ့သဖြင့် သစ်တောပျက်စီးမှုနှုန်းကို လျော့ကျစေခဲ့သည်။

ယူဂန္ဓာနိုင်ငံ၏ ၈၅ ရာခိုင်နှုန်းသောလုပ်သားများမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ လုပ်ကိုင်ပြီး ဓာတုပစ္စည်းများမပါသော ချင်း၊ နာနတ်နှင့် အခြားစိုက်ပျိုးရေးသီးနှံများ စိုက်ပျိုးထုတ်လုပ်၍ ပြည်ပသို့ ရောင်းချမှုမှ ဝင်ငွေတိုးတက်ရရှိခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ဓာတုဗေဒပစ္စည်းများ မသုံးသော လယ်သမားဦးရေ ၄၅၀၀၀ မှ နှစ်သိန်းအထိရှိလာခဲ့ပြီး ဧရိယာမှာ ယခင်က ဟက်တာ ၁၈၅၀၀၀ မှ ဟက်တာသုံးသိန်းအထိ ရောက်ရှိလာခဲ့သည်။

မြန်မာနိုင်ငံ၏ အစိမ်းရောင် စီးပွားရေးလုပ်ငန်းဆောင်ရွက်နိုင်မည့် အလားအလာများ

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါများကြွယ်ဝသည့်နိုင်ငံအဖြစ် ကြာမြင့်စွာရပ်တည်လာခဲ့သည်။ ခေတ်အဆက်ဆက် အစိုးရအသီးသီးမှ သဘာဝပတ်ဝန်းကျင်တည်ငြိမ်ရေး၊ ရာသီဥတုညီညွတ်မျှတရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဟန်ချက်ညီစွာ ဆောင်ရွက်လုပ်ကိုင်လာခဲ့ကြသည်။ နိုင်ငံအဝန်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာသည် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသည့် အစိမ်းရောင် စီးပွားရေးလုပ်ငန်းများဆိုင်ရာ မူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းနှင့် အလုပ်အကိုင်များကို စနစ်တကျ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားသည်ကို ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရသည် စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပေါင်းစည်းဆောင်ရွက်ရန် တိုးချဲ့လုပ်ဆောင်လျက်ရှိပေသည်။ နိုင်ငံတစ်ဝန်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် ကဏ္ဍပေါင်းစုံ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေးဘဝ မြှင့်တင်ပေးရန်နှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် နိုင်ငံတော်သမ္မတကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့သည်။ ကော်မတီအနေဖြင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ၍ ဆွေးနွေးမှုရလဒ်များအပေါ် အခြေခံပြီး အမျိုးသားလုပ်ငန်းအစီအစဉ်(၈)ရပ်ကို ရေးဆွဲအကောင်အထည်ဖော်သွားမည်ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအစီအစဉ်ကိုလည်း အစီအစဉ်တစ်ရပ်အဖြစ် ချမှတ်ထားပြီးဖြစ်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မြန်မာနိုင်ငံသည် သစ်တောကြိုးဝိုင်းများ၊ ဘေးမဲ့တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ အပူပိုင်းဒေသနှင့် ကမ်းရိုးတန်းဒေသများတွင် သစ်တောများ ပြန်လည်တည်ထောင်စိုက်ပျိုးခြင်း အပါအဝင် နှစ် ၃၀ အမျိုးသားသစ်တော ပင်မဘက်စုံစီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိ နိုင်ငံတစ်ဝန်းတွင် သစ်တောစိုက်ခင်း ဟက်တာငါးသိန်းကျော် တည်ထောင်စိုက်ပျိုးထားပြီဖြစ်သည်။

ပြည်သူလူထုလူတန်းစား အလွှာပေါင်းစုံပါဝင်သည့် လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်နိုင်ငံလုံးတွင် အပင်မျိုးစုံ ၇၉ သန်း စိုက်ပျိုးရန်အတွက် အမျိုးသားစိမ်းလန်းရေးလုပ်ငန်းအစီအစဉ်ကို ယခုနှစ်တွင် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နှစ်စဉ် ပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်စိုက်ပျိုးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားလျော့ကျခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း (Reducing Emission from Deforestation and Forest Degradation-REDD) အတွက် ကနဦးလုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။ စွမ်းအင်ဆိုင်ရာ မူဝါဒအနေဖြင့် စွမ်းအင်အသစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ကျယ်ပြန့်စွာအသုံးပြုရန်၊ စွမ်းအင်ကို အကျိုးရှိစွာသုံးစွဲရန်နှင့် ပြည်သူများအနေဖြင့် အခြားအစားထိုး အိမ်သုံးလောင်စာများအသုံးပြုခြင်းတို့ကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ပို့ဆောင်ရေးကဏ္ဍတွင်လည်း ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်း အစီအစဉ်များ၌ သက်ဆိုင်ရာဌာနပေါင်းစုံမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။ ရေတိုတွင် ဓာတ်ဆီနှင့် ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ကို ပြောင်းလဲအသုံးပြုရန်နှင့် ရေရှည်တွင် ဇီဝလောင်စာများကို အစားထိုးအသုံးပြုသွားရန်တို့ပါဝင်သည့် အမျိုးသားပိုမိုသန့်စင်သော လောင်စာစွမ်းအင်မူဝါဒ ချမှတ်ထားပြီးဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအတွက် မြန်မာနိုင်ငံ၏ ကနဦးအမျိုးသားအစီရင်ခံအရ ၂၀၀၀ ပြည့်နှစ်ကို အခြေခံသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့နှင့်ညီမျှသည့် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုသည် တန်ချိန် ၇၄ သန်းနှင့် သစ်တောကဏ္ဍက ကာဗွန်စုပ်ယူထိန်းသိမ်းထားမှုသည် ၁၄၂ သန်းခန့်ရှိကြောင်း ဖော်ပြထားသောကြောင့် ကာဗွန်ထုတ်လွှတ်မှုအပေါ် ပြန်လည်စုပ်ယူမှုကောင်းသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပေရာ အစိမ်းရောင်စီးပွားရေးလုပ်ငန်းစဉ်များအတွက် အခြေအနေကောင်းများ ဖြစ်ပေသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေး

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)မှ သယံဇာတများကို အကျိုးရှိရှိ အသုံးချမှုလုပ်ငန်းများနှင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချစေခြင်းအတွက် အဓိကလုပ်ငန်းကဏ္ဍ ၁၀ ခုတွင် ကမ္ဘာ့ GDP ၏ နှစ်ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန် တင်ပြခဲ့သည်။ သန့်ရှင်းသော စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၆ ဘီလီယံမှ ၂၀၁၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈၀-၂၀၀ ဘီလီယံအထိ တိုးတက်ရင်းနှီးမြှုပ်နှံဆောင်ရွက်လာခဲ့သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ဆွစ်ဇာလန်နိုင်ငံ ဒါဗိုမြို့၌ ၂၈-၁-၂၀၁၁ ရက်နေ့တွင် ပြုလုပ်သော ကမ္ဘာ့စီးပွားရေးဖိုရမ်၌ အစိမ်းရောင်စီးပွားရေးလုပ်ငန်းကို အသုံးပြု၍ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာဆောင်ရွက်ရန်နှင့် ကုန်လွန်ခဲ့သည့် ရာစုနှစ်များအတွင်း သဘာဝသယံဇာတများကို အလွန်အကျွံသုံးစွဲခဲ့ခြင်းများအပေါ် သတိပေးခဲ့ကာ ဆက်လက်ရှင်သန်စေမည့် စီးပွားရေးပုံစံတစ်ခုဖြစ်ထွန်းရေး ဆော်ဩခဲ့သည်။

ထို့ပြင် ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းရန် အချိန်ဆွဲမနေသင့်ကြောင်းနှင့် ပိုလျှံပေါများသော သဘာဝသယံဇာတများအပေါ်၌ မှားယွင်းသော အယူအဆဖြင့် လုံးဝမှီခိုမှုပြုခဲ့သောကြောင့် ဖွံ့ဖြိုးတိုးတက်မှု၌ လမ်းလွဲသို့ရောက်ရှိခဲ့ပြီး သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှု လျှော့ပါးသက်သာရေးဆိုင်ရာလုပ်ငန်းများ၊ ဂေဟစနစ်တည်ငြိမ်ရေးနှင့် လူမှုရေးဆိုင်ရာ အုပ်ချုပ်မှုပုံစံများကို ပြုပြင်ဆောင်ရွက်ရန် ထပ်လောင်းပြောကြားခဲ့သည်။ ဆင်းရဲမှုလျှော့ချစေနိုင်မည့် မျှတမှုရှိသော ဖွံ့ဖြိုးတိုးတက်မှုတိုင်းအတွက် စီးပွားရေးတိုးတက်မှုကို ထောက်ပံ့ပေးနိုင်သော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို ကာကွယ်မှုပြုရန်အတွက် စဉ်းစားသုံးသပ်ရန် လိုအပ်နေပြီဖြစ်သည်။ အတွေးအခေါ်များ ပြောင်းလဲသကဲ့သို့ လုပ်ရပ်များ ပြောင်းလဲမှသာ ကမ္ဘာ့မြေ ထာဝစဉ် ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။ ရှေးခေတ်လူများသည် ၎င်းတို့နှင့် သဘာဝလောကအကြား ခွဲခြားမှုမရှိဘဲ အတူတကွ သဟဇာတဖြစ်စွာ အမှီသဟဲပြု ယှဉ်တွဲနေထိုင်ရေးကို ကောင်းစွာနားလည်သဘောပေါက်ရုံမျှမက လက်တွေ့လည်း နေထိုင်ခဲ့ကြပြီး ယခုခေတ် စီးပွားရေးလုပ်ငန်းများနှင့် လူမှုရေးအဖွဲ့အစည်းများသည်လည်း သဘာဝတရားနှင့် သဟဇာတဖြစ်စွာ လုပ်ဆောင်နေထိုင်နိုင်ရေး အာရုံစူးစိုက်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုနှင့် ထုတ်ကုန်ပစ္စည်းများအပေါ် အမှီပြုနေရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျဆင်းနေသဖြင့် ထောင်စုနှစ်ရည်မှန်းချက်ဖြစ်သော သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ကာရစ်ဘီယံပင်လယ်အတွင်းမှ သန္တာကျောက်တန်းများ၏ ၈၀ ရာခိုင်နှုန်းကျော်နှင့် တစ်ကမ္ဘာလုံးရှိဒီရေတော ၃၀ ရာခိုင်နှုန်း ပျက်စီးခဲ့ရသည်။ ဒီရေတော ဂေဟစနစ်များသည် ပင်လယ်ကမ်းရိုးတန်းများကို ကာကွယ်မှုပေးသည့်အပြင် ငါး၊ ပုစွန်နှင့် ရေနေသတ္တဝါများအတွက် နေထိုင်စားသောက်စရာ ဥယျာဉ်သဖွယ်ဖြစ်ပါသည်။ ရေလုပ်ငန်းမှ စားနပ်ရိက္ခာထောက်ပံ့ပေးသဖြင့် ထောင်စုနှစ် ရည်မှန်းချက်ဖြစ်သော ငတ်မွတ်ခေါင်းပါးမှုလျှော့နည်းပပျောက်ရေးအတွက် ကမ်းရိုးတန်းဒီရေတောများ ထိန်းသိမ်းခြင်းနှင့် သန္တာကျောက်တန်းများ မပျက်စီးရန် ကာကွယ်ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

သစ်တောများသည် လူသားတို့လိုအပ်သော အစားအစာနှင့် ဆေးဝါးများ၊ လယ်ယာစိုက်ပျိုးရေးနှင့် သောက်သုံးရေများအတွက် အဓိကအရင်းအမြစ်များဖြစ်သဖြင့် ထောင်စုနှစ်ရည်မှန်းချက်များနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသည်။ ၁၉၉၀ ပြည့်နှစ်များတွင် နှစ်စဉ်ပျမ်းမျှ သစ်တောပျက်စီးမှုနှုန်း ဟက်တာ ၁၆ သန်းကျော်ရှိခဲ့ရာ ယနေ့အခါ ဟက်တာ ၁၃ သန်းကျော်အထိ လျော့နည်းကျဆင်းလာခဲ့ပါသည်။ အဆိုပါပျက်စီးမှုသည် သဘာဝပတ်ဝန်းကျင်ထိခိုက်စေပြီး နိုင်ငံပေါင်း ၃၀ ရှိ မူလသစ်တောဧရိယာ၏ ၉၀ ရာခိုင်နှုန်းကို ပျောက်ဆုံးစေခဲ့ပါသည်။ ထို့ကြောင့် သစ်တောကဏ္ဍ၌ ရင်းနှီးမြှုပ်နှံခြင်းဖြင့် ထောင်စုနှစ်ရည်မှန်းချက်များကို အောင်မြင်စေရုံမျှမက ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချခြင်းကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ၌ သန့်ရှင်းသောစွမ်းအင် အသုံးပြုခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ပါးသက်သာစေခြင်း

အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ၌ သန့်ရှင်းသောစွမ်းအင် အသုံးပြုခြင်းဖြင့် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အကျိုးရှိစေပြီး ရုပ်ကြွင်းလောင်စာလောင်ကျွမ်းမှု လျှော့နည်းစေကာ ရာသီဥတုပြောင်းလဲမှုကို လျှော့ပါးသက်သာစေပါသည်။ အစိမ်းရောင် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အခြေခံကျသော မူဘောင်ချမှတ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန်၊ လူ့စွမ်းအားအရင်းအမြစ်နှင့် နည်းပညာဖွံ့ဖြိုးမှုများကို ဆောင်ရွက်ခြင်းဖြင့် စွမ်းဆောင်ရည် တိုးတက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

လူသားတို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ကမ္ဘာ့မြေထုအတွင်းမှ သတ္တုမျိုးစုံတူးဖော်ခဲ့ကြသည်။ လက်ရှိကာလအကျိုးစီးပွားအတွက် ရုပ်ကြွင်းလောင်စာများ အဆမတန်အသုံးပြုခဲ့ကြပြီး နောင်ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို လျစ်လျူရှုကာ သယံဇာတများကို လိုအပ်သည်ထက် ပိုမိုထုတ်ယူသုံးစွဲခဲ့ကြပါသည်။ ထိုခေတ်များ ကုန်လွန်ခဲ့ပြီး ယနေ့ကာလတွင် သဘာဝတရားမှ ထောက်ပံ့ပေးနိုင်သော သယံဇာတများ ကုန်ခန်းလုနီးပါးဖြစ်ကာ ရာသီဥတုပြောင်းလဲခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များကို ခံစားနေကြရပါသည်။ လူသားတိုင်းအတွက် ပို၍လုံခြုံမှုရှိသော၊ ပို၍သန့်ရှင်းသော၊ ပို၍စိမ်းလန်းသောအနာဂတ်ဘဝ သာယာစိုပြည်ငြိမ်းချမ်းသောလူ့ဘောင်ကို တည်ဆောက်ရန် အတ္တအကျိုးစီးပွားနှင့် ပရဟိတညီညွတ်မျှတသည့် ခံယူချက်၊ အတွေးအခေါ် အယူအဆများကို လက်ကိုင်စွဲကာ လက်တွေ့ကျသည့် သိပ္ပံနှင့် နည်းပညာများကို အသုံးပြု၍ အနာဂတ်ကိုဖန်တီးရန် အချိန်ကျရောက်နေပြီဖြစ်ပါသည်။

ထာဝစဉ်ဖွံ့ဖြိုးရေးနှင့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ

ထာဝစဉ်ဖွံ့ဖြိုးရေးစကားလုံးကို နှုတ်ဖျားမှပြောဆိုရန် လွယ်ကူသော်လည်း တကယ့်လက်တွေ့အောင်မြင်ရန်အတွက် လူမှုဘဝနေထိုင်မှုများ၊ စီးပွားရေးပုံစံများ၊ လူမှုအဖွဲ့အစည်းဆိုင်ရာ ရပ်တည်ချက်များနှင့် မူဝါဒများကို ပြုပြင်ပြောင်းလဲရပေမည်။ ၂၁ ရာစုတွင် ထာဝစဉ်ဖွံ့ဖြိုး၍ လုံခြုံမှုရှိသော ဘဝရပ်တည်ချက်ရှိမည့် အစိမ်းရောင် စီးပွားရေးလုပ်ငန်းများဖြင့် အစားထိုးဆောင်ရွက်မှသာလျှင် နောင်တိုးတက်လာမည့် လူဦးရေအတွက် လိုက်လျောညီထွေဖြစ်စေပါမည်။ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများသည် စီးပွားရေးအရ ထိရောက်သော အကျိုးအမြတ် ရရှိစေရုံမျှမက လူနေမှုဘဝ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေသည့် နည်းပညာများဖြင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်းဖြစ်သဖြင့် လက်ငင်းချမ်းသာမှုနှင့် အနာဂတ်ကမ္ဘာကြီး တည်မြဲမှုကိုပါ အထောက်အကူပြုစေပါသည်။

လာမည့် ၂၀၅၀ ခုနှစ်တွင် ကမ္ဘာမြေ၌ နေထိုင်သူ လူသား သန်း ၉၀၀၀ ကျော်တို့အတွက် ရှင်သန်ရပ်တည်ရေးမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ရာ ဇွဲနပဲကြီးစွာ ရုန်းကန်နိုင်ကြပါမည်လား၊ သို့မဟုတ် ထို့ထက်ပို၍ ဆိုးရွားသွားမည်လား ဆိုသည်ကို တွေးတောမှန်းမျှော်ကြည့်ရင်း ယနေ့ကာလတွင် သယံဇာတအရင်းအမြစ်များ လျှော့နည်းပြုန်းတီးလာခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်ဆိုးများကို ရင်ဆိုင်ဖြေရှင်းနေကြရပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများအားလုံး၏ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့် စီးပွားရေးဆိုင်ရာ မဟာဗျူဟာများ၌ အစိမ်းရောင်စီးပွားရေးကို ရွေးချယ်လုပ်ကိုင်ကြခြင်းဖြင့် အနာဂတ်လူသားတို့ ရှင်သန်နေထိုင်ကြရမည့် ကမ္ဘာကြီး ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

လယ်ယာများမှ သီးနှံအထွက်တိုးပြီး သင့်တင့်သောဈေးနှုန်းရရှိမှသာ ဝင်ငွေတိုးတက်ကာ လယ်သမားများဘဝ မြင့်မားတိုးတက်လာမည်

ရန်ကုန် ဩဂုတ် ၁၇

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ တိုက်ကြီးမြို့နယ်အတွင်းရှိ ရပ်မိရပ်ဖများ၊ လယ်စိုက်တောင်သူများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့် အခြေအနေများနှင့် မြို့မိမြို့ဖ ဦးလှသန်းက လယ်သမားများဘဝ တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် တိုက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးဝင်းမောင်နှင့် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်အောင်တို့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်း(၈)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပထမဆုံးအနေဖြင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝ မြင့်မားရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ၏ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးနှင့် ကျောင်းနေအရွယ် ကလေးသူငယ်များအားလုံး မူလတန်းအဆင့် အခမဲ့ပညာအဆင်ပြေချောမွေ့စွာ သင်ယူနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် တောင်သူလယ်သမားများ၏ လယ်ယာများမှ သီးနှံအထွက်နှုန်း တိုးတက်ထွက်ရှိပြီး သင့်တင့်သောဈေးနှုန်းရရှိမှသာ ဝင်ငွေတိုးတက်ကောင်းမွန်လာပြီး လယ်သမားများဘဝ မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားတစ်ဦးချင်းအနေဖြင့် နည်းပညာနှင့် အရင်းအနှီး မတတ်နိုင်သည့်အတွက်ကြောင့် ယခင်က လယ်ယာလုပ်ငန်းမှာ အကျိုးရှိသင့်သလောက် မရှိခဲ့ကြောင်း၊ ယင်းအခြေအနေမှ ကျော်လွှားနိုင်ရန် ယခုအချိန်ကာလတွင် မြို့မိမြို့ဖများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် မြို့နယ်အစုအဖွဲ့၊ ကျေးရွာအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပြီး လယ်သမားများ လယ်စိုက်ပျိုးမှုတွင် အာရုံထား လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သော ငွေကြေးများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

တွေ့ဆုံမှာကြား

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တိုက်ကြီးမြို့နယ်ရှိ ရပ်မိရပ်ဖများ၊ လယ်စိုက်တောင်သူများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၈-၈-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၃ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၃၅ ၄။ မျိုးချစ်တပ်မတော်
၇း၄၀ ၅။ မြန်မာ့ရှုခင်း
၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅ ၅။ ဗွီစီဒီကျော်ကြားတေး
၄း၄၅ ၆။ မွေးမြူသုတ
၄း၅၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၈။ သန့်စွာကိုင်လေ စက္ကူငွေ
၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၉၂)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၄၉)
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဘဝရဲ့တမ်းတခြင်း (အပိုင်း-၁၆)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ အနုပညာရှင်၏တစ်နေ့တာ
၂၂။ ကုန်သွယ်သုတ
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ် အိပ်မက်လေးရယ် (အပိုင်း-၃၁)**
၂၅။ ဂီတရင်ခုန်သံ



ကျောင်းသား၊ ကျောင်းသူများအား ပြည်သူ့နီတိနှင့်အညီ ဗလငါးတန်နှင့်ပြည့်မီပြီး ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရင့်သန်သူများဖြစ်အောင် လေ့ကျင့်မွေးမြူ

နေပြည်တော် ဩဂုတ် ၁၇

ပညာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြောကြားရာ၌ မူလတန်းအခမဲ့မသင်မနေရ ပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုယ်ပိုင်ပညာသင်ကျောင်းများကို ဥပဒေစည်းကမ်းနှင့်အညီ ဖွင့်လှစ်နိုင်ရန်နှင့် ပညာတော်သင်ဆု၊ ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်နိုင်ရန်တို့ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာ အလယ်တန်းဆင့်နှင့် အထက်တန်းဆင့် ကျောင်းသား၊ ကျောင်းသူများအား လူမှုဝန်ထမ်းစိတ်ဓာတ် မွေးမြူပေးရန်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများကို သင်ကြားပေးရန်လိုအပ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား ပြည်သူ့နီတိကျင့်ဝတ်များနှင့်အညီ ဗလငါးတန်နှင့်ပြည့်မီပြီး ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရင့်သန်နေသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင် လေ့ကျင့်မွေးမြူပေးကြရမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၊ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များက သက်ဆိုင်ရာအလိုက် သင်ကြား၊ စီမံကိန်းရပ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေက အဆင့်မြင့်ပညာကဏ္ဍဆိုင်ရာ ရှင်းလင်းတင်ပြချက်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအေးကြူက အခြေခံပညာကဏ္ဍဆိုင်ရာ ရှင်းလင်းတင်ပြချက်များကိုလည်းကောင်း ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

(သတင်းစဉ်)

အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလံတင်အခမ်းအနားကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံးဝင်းအတွင်း ကျင်းပစဉ်။ (သတင်းစဉ်)

အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလံတင်အခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလံတင်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံးဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono နှင့် ဇနီး၊ သံမှူးကြီး၊ စစ်သံမှူးနှင့် သံရုံးမိသားစုများ၊ ဝန်ထမ်းများ၊ ရန်ကုန်မြို့ရှိ အင်ဒိုနီးရှားကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် အင်ဒိုနီးရှား နိုင်ငံတကာကျောင်း(ရန်ကုန်) (Indonesia International School- Yangon) မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးက ယနေ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ဖြစ်ကြောင်း ပြောကြားပြီး လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အလံကို လွှင့်တင်သည်။

(သတင်းစဉ်)



နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ကိုရီးယားကြယ်ပွင့် ကင်ဟွန်ဂျွန်း တရုတ်(တိုင်ပေ)တွင် အရောင်းမြှင့်တင်ရေးပြုလုပ်

အောဝမ်းစိုး

ကိုရီးယားအဆိုတော် သရုပ်ဆောင် ကင်ဟွန်ဂျွန်း(ဝဲပုံ) *သည် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း တရုတ်(တိုင်ပေ)တွင် ပရိသတ်များနှင့် တွေ့ဆုံ၍ ၎င်း၏ ပထမဆုံး တစ်ကိုယ်တော် တေးအယ်လ်ဘမ် အရောင်းမြှင့်တင်ရေး ပြုလုပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။*

ကင်ဟွန်ဂျွန်းက ၎င်း၏ ငယ်ဘဝအကြောင်း၊ အနုပညာလောကသို့ စတင်ရောက်ရှိလာပုံအကြောင်းနှင့် ၎င်း၏ တစ်ကိုယ်တော် တေးအယ်လ်ဘမ် Break Down နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည့် အစီအစဉ်ကို TVBS-ASIA မှ စင်ကာပူ၊ ဟောင်ကောင်၊ မကာအို၊ ဩစတြေးလျ၊ မလေးရှားနှင့် အမေရိကန်တို့သို့ ဩဂုတ် ၂၀ ရက်တွင် ထုတ်လွှင့်ပေးသွားမည်ဟု ဆိုသည်။

ကိုရီးယားကြယ်ပွင့် ကင်ဟွန်ဂျွန်းသည် ၎င်း၏ Break Down တေးအယ်လ်ဘမ် အရောင်းမြှင့်တင်ရေးအတွက် ဂျပန်၊ ဗီယက်နမ်၊ စင်ကာပူ၊ မလေးရှား၊ ဟောင်ကောင်၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့သို့ ဩဂုတ်လကုန်အထိ ဆက်လက်သွားရောက်မည်ဖြစ်သည်။

အင်တာနက်။

ကိုယ့်နိုင်ငံ ပျက်စီးဆုံးရှုံးမသွားရအောင် နိုင်ငံသားတိုင်း ဝိုင်းဝန်းစောင့်ရှောက် ကာကွယ်သွားကြဖို့ တာဝန်ရှိ ကျွန်တော်တို့ရဲ့ သားစဉ်မြေးဆက်အတွက် ကောင်းတဲ့အမွေခံ ပတ်ဝန်းကျင်ကို တည်ဆောက်သွားကြဖို့လိုအပ်

❏ရှေ့ဖုံးမှ

ဆောင်ရွက်ပေးခဲ့ပါတယ်။

ဆင်းရဲနွမ်းပါးတဲ့ မြို့ပေါ်ရပ်ကွက်နဲ့ ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝကို မြှင့်တင်ပေးလိုတဲ့ ဆန္ဒနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို စီးပွားရေး ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ဝန်ကြီးဌာနအသီးသီးတို့မှ အရာရှိကြီးများ၊ လူထုလူတန်းစားအလွှာအသီးသီးတို့မှ ပုဂ္ဂိုလ်များ အပါအဝင်ဖြင့် နေပြည်တော်မှာ ကျင်းပပြုလုပ်ပေးခဲ့ပါတယ်။ အဲဒီ အလုပ်ရုံဆွေးနွေးပွဲမှာ ရရှိလာတဲ့ အကြံပေးချက်များအပေါ် လုပ်ငန်းစဉ်(၈)ရပ်ကို ရွေးထုတ်ချမှတ်ပြီး ဗဟိုမှ အောက်ခြေအထိ လုပ်ငန်းကော်မတီအသီးသီး ဖွဲ့စည်းကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တဲ့အတွက် ဒီကနေ့ ကျေးလက်နေတောင်သူလယ်သမားများ၊ မြို့ပေါ်ရပ်ကွက်အပါအဝင် လက်လုပ်လက်စားများနှင့် ခေါင်းရွက်ဗျပ်ထိုးဈေးသည်များပါမကျန် ထိုက်သင့်တဲ့ အကျိုးကျေးဇူးများကို လက်တွေ့ခံစားနေကြရပြီဖြစ်ပါတယ်။

ပျော်ရွှင်ချမ်းမြေ့

တစ်ချိန်က တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခဲ့ကြတဲ့ ပင်စင်စား ဝန်ထမ်းများအနေနဲ့ မလောက်မငရခဲ့ကြတဲ့ ပင်စင်လစာကလေးနဲ့ သူတို့ရဲ့ဘဝကို ချို့ချို့တဲ့တဲ့ ရပ်တည်နေခဲ့ကြရတဲ့အခြေအနေမှ ယခုအခါမှာ ပင်စင်လစာများ တိုးမြှင့်ပေးခဲ့တဲ့အတွက် စားနိုင်၊ နေနိုင်၊ လှူတန်းနိုင်တဲ့ သူတို့ရဲ့ဘဝကို ကျေနပ်နှစ်သိမ့်ပြီး ပျော်ရွှင်ချမ်းမြေ့နေကြတာကို အားလုံးမြင်တွေ့နေကြရပြီဖြစ်ပါတယ်။ ဒီမြင်ကွင်းကို

လည်း လယ်ယာများ ရေလွှမ်းမိုးမှု အကြိမ်ကြိမ်ကြုံတွေ့ရတဲ့ တောင်သူလယ်သမားများဟာ အထိအနာဆုံးဖြစ်ပါတယ်။

ယခုအခါမှာ တောင်သူလယ်သမားများအား မျိုးစပါးများ စီမံပေးခြင်း၊ စိုက်စရိတ်ကို ယခင်တစ်ဧက ကျပ် ၂၀၀၀၀ ထုတ်ချေးရာမှ ယခုအခါ ကျပ် ၄၀၀၀၀ အထိ နိုင်ငံတော်မှ တိုး၍ ထုတ်ချေးပေးခဲ့တဲ့ အပြင် ပုဂ္ဂလိက ငွေစုငွေချေးအသင်းများမှလည်း ပါဝင်ကူညီပြီး ဆောင်ရွက်ပေးပါတယ်။ စပါးပေါ်ချိန်မှာ တောင်သူလယ်သမားများ အရှုံးမပေါ်စေရအောင် အစိုးရနှင့် ဆန်ကုန်သည်ကြီးများ ဖက်စပ် ငွေကြေးစိုက်ထုတ်ကာ အခြေခံဈေးနှုန်းတစ်ခုဖြင့် သတ်မှတ်ဝယ်ယူပြီး နိုင်ငံတော်ရဲ့ အရန်ဆန်အဖြစ်ထားရှိရန် အစီအစဉ်သစ်တစ်ရပ်ကို ကျွန်တော်တို့ စီမံထားပြီးဖြစ်ပါတယ်။

ကုန်သွယ်ခွန်အားလုံးလျှော့

ပြည်ပပို့ကုန်ပို့နေတဲ့ ကုန်သည်ကြီးများ ပို့ကုန်ကျဆင်းမသွားစေရန်နှင့် ဒေါ်လာဈေး ကျဆင်းမှုအပေါ် ထိခိုက်နစ်နာမှု သက်သာစေရန် ယခင်က အခွန်အကောက်အဖြစ် ကုန်သွယ်ခွန် (၈)ရာခိုင်နှုန်းကို (၅)ရာခိုင်နှုန်းသို့ လျှော့ပေးခဲ့ရာမှ ယခုအခါ အားလုံး လျှော့ပေါ့ပေးပြီး ကုန်သွယ်ခွန်ပေးရန်မလိုဘဲ လွတ်လပ်စွာ ကုန်သွယ်နိုင်အောင် နိုင်ငံတော်မှ စီမံပေးခဲ့ပါတယ်။ အခြားပို့ကုန်များနဲ့ အထည်ချုပ်လုပ်ငန်းများကိုလည်း သက်သာမှုရအောင် စီမံပေးသွားမှာဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

ယခု ဒေါ်လာငွေကြေးဂယက်ဟာ မည်သည့်အတိုင်းအတာအထိ ရိုက်ခတ်မည်ကို ကြိုတင်တွက်ဆပြီး မိမိတို့အစိုးရအပိုင်းကရော

သလဲဆိုရင် ကချင်ပြည်နယ်မှာ နေထိုင်ကြတဲ့ တိုင်းရင်းသားတွေပဲ သွားရေးလာရေးခက်ခဲပြီး ဒုက္ခရောက်ကြရတာဖြစ်ပါတယ်။ ယခုအခါမှာ သူတို့အန္တရာယ်ကို ကြောက်လို့ ရှောင်တိမ်းထွက်ပြေးနေကြရတဲ့ ပြည်သူတွေဟာ စိုက်ချိန်ပျိုးချိန်မှာ မစိုက်ကြရလို့ လာမယ့်နှစ်မှာ အဲဒီပြည်နယ်အတွင်း ဆန်ရေစပါးရှားပါးမှုနှင့် ကြုံတွေ့ကြရဦးမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဆွေးနွေး

ဒါကြောင့် ကချင်ပြည်နယ်က တိုင်းရင်းသားပြည်သူတွေနဲ့ ခရစ်ယာန်အသင်း၊ ယဉ်ကျေးမှုစာပေအသင်းစတဲ့ အသင်းအဖွဲ့တွေအနေနဲ့ စစ်ကိုရပ်စဲပေးဖို့၊ ငြိမ်းချမ်းရေးအမြန်ရယူပေးဖို့ ကျွန်တော့်ဆီ

စာတွေရေးကြပါတယ်။ ဒီစာတွေကိုလည်း သတင်းစာမှာနေ့စဉ်ဖော်ပြသွားမှာ ဖြစ်ပါတယ်။ တပ်မတော်အပိုင်းကတော့ တုံ့ပြန်ပစ်ခတ်မှုကလွဲလို့ ပစ်ခတ်တိုက်ခိုက်မှုတွေ မလုပ်ပါဘူး။ လူသတ်မိုင်းခွဲ၊ ပြန်ပေးဆွဲ၊ ဆက်ကြေးကောက် စတဲ့လုပ်ရပ်တွေဟာ တစ်ကမ္ဘာလုံးက လက်မခံတဲ့ အကြမ်းဖက်လုပ်ရပ်တွေဖြစ်ပါတယ်။ ဒီအကြမ်းဖက်လုပ်ရပ်တွေကို အမြန်ရပ်ဆိုင်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရနဲ့ ငြိမ်းချမ်းရေးဆွေးနွေးကြဖို့ ကျွန်တော်တို့ ဗဟိုအစိုးရက ပြည်နယ်အစိုးရကို ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ကချင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း ငြိမ်းချမ်းရေးဆွေးနွေးရန် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး အကြိမ်ကြိမ်ဖိတ်ခေါ်ဆွေးနွေးနေတယ်လို့ သိရပါတယ်။ ကိုယ့်တိုင်းရင်းသားတွေဖြစ်လို့ ကျွန်တော်တို့ စိတ်ရှည်သည်းခံပြီး ငြိမ်းချမ်းရေးအတွက် မျှော်လင့်စောင့်စားနေပါတယ်။

လမ်းဖွင့်ပေးထား

ဒီ ကေအိုင်အို၊ ကေအိုင်အေအဖွဲ့တင် မဟုတ်ပါဘူး။ ရှမ်းပြည်နယ်နဲ့ ကရင်ပြည်နယ်မှာရှိတဲ့ အစိုးရကိုဆန့်ကျင်နေတဲ့မည်သည့်လက်နက်ကိုင်အဖွဲ့မဆို ငြိမ်းချမ်းရေးရယူလိုတဲ့ဆန္ဒရှိရင် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့နဲ့ အချိန်မရွေးဆွေးနွေးနိုင်ပါတယ်။ ဒီကိစ္စ ကျွန်တော်တို့ လမ်းဖွင့်ပေးထားပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဒို့တာဝန်အရေး(၃)ပါးကို အဓိကထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

အမြဲဖိတ်ခေါ်

ပြည်တွင်းမှာရှိတဲ့ သဘောထားအမြင်ချင်းမတူကြတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေကိုလည်း မတူကွဲပြားတာတွေကို ဘေးဖယ်ထားပြီး တိုင်းပြည်အတွက် အမှန်တကယ် အကျိုးရှိစေမယ့် ဘုံအကျိုးစီးပွားတွေမှာ ပူးပေါင်းဆောင်ရွက်ကြဖို့ ကျွန်တော်တို့ အမြဲဖိတ်ခေါ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပကို ရောက်နေကြတဲ့ မြန်မာနိုင်ငံသားတိုင်းရင်းသားများကိုလည်း ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်သွားတာမရှိဘူးဆိုရင် အချိန်မရွေး ပြန်လာနိုင်ဖို့ ကျွန်တော်တို့စဉ်းစားပေးမှာဖြစ်ပါတယ်။ ပြစ်မှုကျူးလွန်ခဲ့သည့်တိုင် ထိုက်သင့်တဲ့ပြစ်ဒဏ်ခံ

ယူဖို့ ပြန်လာမယ်ဆိုရင်တောင် ဂ
စဉ်းစားပေးမှာဖြစ်ပါတယ်။

ရိုးသားတဲ့ စိတ်ရင်းစေတနာ
ပါတယ်။ ကိုယ့်နိုင်ငံကို ကောင်းစား
ချစ်ချစ်ခင်ခင်စည်းစည်းလုံးလုံးနဲ့
ကိုယ့်ပြည်၊ ကိုယ့်ဆွေမျိုးအသိုင်းအဝို
သာယာဝပြောတဲ့ လူ့ဘောင်အဖွ
ပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့
Common Ground ပေါ်အ
ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ၊
နေနိုင်တဲ့ နိုင်ငံဖြစ်အောင် ဝိုင်း
အနေနဲ့ တိုက်တွန်းလိုပါတယ်။

ကြုံကြုံခံ

နိဂုံးချုပ်အနေနဲ့ ပြောကြား
ဒီကနေ့ အချိန်အခါဟာ နိုင်
တစ်ဖန် ပြန်တည်နေရတဲ့ အချိန်ဖြ
အခွင့်အလမ်းကောင်းတွေလည်းရှိ

နိုင်ငံတော်သမ္မတ ဦးသိန်း
တက်ရောက်လာကြသည့်
အသီးသီး၊ အသင်း၊ အဖွဲ့အစ
အား ရင်းရင်းနှီးနှီးနှုတ်ဆက်

ကျော်လွှားပြီး အခွင့်အလမ်းကော
လိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့
မငြိမ် မအေးမချမ်းနဲ့ ကုန်လွန်သွား
ကောင်းပါတယ်။လွတ်လပ်ရေးရပြီ
နိုင်ငံတွေ၊ တန်းတူရည်တူ နိုင်ငံ
ကျော်ဖြတ်သွားကြပြီဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် စီးပွားရေး၊ လူမှုရေးနယ်ပယ် အသီးသီး၊ အသင်း၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြင်ကြရသူတိုင်းဟာလဲပဲ ဒီပင်စင်စားကြီးများနဲ့ ထပ်တူထပ်မျှ ပျော်ရွှင်ကြည်နူးမိကြတာ အမှန်ပဲဖြစ်ပါတယ်။

နည်းလမ်းရှာဖွေ

ယခုအခါမှာ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းနဲ့ ဒေါ်လာငွေဈေးကျဆင်းနေမှုများဟာ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးကိုပါ ရိုက်ခတ်လျက်ရှိနေပါတယ်။ လွန်ခဲ့တဲ့လတွေက အမေရိကန်တစ်ဒေါ်လာငွေလဲနှုန်းဟာ ပြည်တွင်းငွေ ၈၀၀ ကျပ်ခန့် အချိန်အတော်ကြာရပ်တန့်နေသော်လည်း ယခုအခါမှာ ၇၅၀ ကျပ်ခန့်အထိ ကျဆင်းသွားတဲ့အတွက် ပို့ကုန်လုပ်ငန်းအချို့ ကျဆင်းခဲ့ပါတယ်။ ပို့ကုန်ကျဆင်းတာနဲ့အမျှ ပြည်တွင်းဝယ်လိုအားပါ ကျဆင်းလာပြီး ထုတ်လုပ်သူများကိုပါ ထိခိုက်လာနိုင်တဲ့အတွက် အထူးသဖြင့် မြန်မာ့စီးပွားရေးမှာ လယ်ယာထုတ်ကုန်များကိုသာ ပြည်ပပို့ကုန်အဖြစ် အားထားနေကြရတဲ့အတွက် တောင်သူလယ်သမားများ ထိခိုက်မှုမရှိစေရအောင် နည်းလမ်းများ ရှာဖွေဆောင်ရွက်လျက်ရှိပါတယ်။

တစ်ပူပေါ်နှစ်ပူဆင့် ဆိုသလို ဒီနှစ်မှာ ရာသီဥတုဖောက်ပြန်မှုကြောင့် တစ်နိုင်ငံလုံး မိုးသည်းထန်စွာရွာသွန်းတဲ့အတွက် ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်အချို့နဲ့ ရခိုင်၊ ကရင်၊ မွန်ပြည်နယ်ရှိ မြို့နယ်အချို့တို့မှာ ရေကြီးနစ်မြုပ်မှုအန္တရာယ်ကို ယနေ့တိုင် ကြုံတွေ့နေရဆဲဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတို့နဲ့အတူ စေတနာရှင်ပြည်သူများ၊ တပ်မတော်သားများရဲ့ ကူညီစောင့်ရှောက်မှုတွေကြောင့် အတန်အသင့်သက်သာရာရခဲ့သော်

ပြည်သူများအပိုင်းကပါ သတိရှိရှိနဲ့ ကြိုတင်ပြင်ဆင်မှုများ လုပ်ထားကြဖို့ လိုအပ်ပါတယ်။ ပြည်ပကို မပို့ရသည့်တိုင် မိမိတို့တိုင်းပြည်အနေနဲ့ ပြည်တွင်းမှာ စားနပ်ရိက္ခာ ပြည့်စုံဖူလုံစွာရှိနေတဲ့အတွက် ပြည်သူများအတွက် အထူးပူပန်စိုးရိမ်စရာ မရှိပါကြောင်း ပြောကြားလိုပါတယ်။ သို့သော်လည်း ပြည်ပသွင်းကုန်များကို စိစိစစ်စစ်နဲ့ သွင်းကြရမှာဖြစ်လို့ မလိုအပ်တာတွေကို ခြိုးခြံချွေတာသုံးစွဲကြဖို့ လိုအပ်ပါတယ်။

ဖျက်လိုဖျက်ဆီးလုပ်

တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန်ဆိုသလိုပါပဲ။ ကျွန်တော်တို့ အစိုးရသစ်တက်လာတဲ့ မကြာခင်မှာပဲ ကချင်ပြည်နယ်ဘက်မှာ ကေအိုင်အို၊ ကေအိုင်အေအဖွဲ့တွေနဲ့ ပြဿနာဖြစ်ခဲ့ရပါတယ်။ အမှန်တော့ ဒီအဖွဲ့ဟာ ကချင်ပြည်နယ်မှာရှိတဲ့ ပြည်သူလူထုကို ကိုယ်စားပြုတဲ့အဖွဲ့ မဟုတ်ပါဘူး။ ကချင်ပြည်နယ်အတွင်းရှိ နိုင်ငံတော်ရဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေကို ဖျက်လိုဖျက်ဆီးလုပ်ရာမှ ပြဿနာစခဲ့တာဖြစ်ပါတယ်။ ယခုအခါ ဗန်းမော်ခရိုင်အတွင်းမှာ လမ်းတွေ၊ တံတားတွေ၊ လျှပ်စစ်တာဝါတိုင်တွေ ဖောက်ခွဲဖျက်ဆီးခံခဲ့ရလို့ တော်တော်များများ ပျက်စီးကုန်ပါပြီ။ ဘယ်သူတွေ ဒုက္ခရောက်

ပြည်တွင်း

ယခုအပတ် ပြည်တွင်းပဲမျိုးစုံ
အပြောင်းအလဲများဖြစ်ပေါ်လျက်ရှိ
တွင်မူ ဈေးကွက်အသီးသီး၌ ဈေးနှုန်း
မတ်ပဲ။ ။ အရည်အသွေးပေါ်မူတည်၍ ဝယ်လိုအားလျော့နည်းခြင်းကြောင့် မန္တလေးနှင့် မုံရွာမတ်ပဲဈေးကွက်များတွင် ယခင်အပတ်ကထက် မတ်ပဲဈေးနှုန်းများ ကျဆင်းလျက်ရှိသော်လည်း ပြည်မတ်ပဲဈေးကွက်တွင် ယခင်အပတ်က မတ်ပဲတစ်တန်ဈေးနှုန်း ငွေကျပ် ၅၁၄၄၀၀ သာရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၅၃၅၈၀၀ သို့လည်းကောင်း၊ ဟင်္သာတမတ်ပဲ ဈေးကွက်တွင် ယခင်မတ်ပဲတစ်တန်ဈေးနှုန်း ငွေကျပ် ၅၀၅၂၀၀ သာရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၅၁၄၄၀၀ သို့လည်းကောင်းဈေးနှုန်းများတက်လာခဲ့သည်။

ယခင်ဖောင်ပယ်ဖျက်၍ ယခုဖောင်အတည်ပြုပေးပါရန်

ယူဖို့ ပြန်လာမယ်ဆိုရင်တောင် ကျွန်တော်တို့ သဘောထားကြီးစွာနဲ့ စဉ်းစားပေးမှာဖြစ်ပါတယ်။

ရိုးသားတဲ့ စိတ်ရင်းစေတနာရှိသူတိုင်းဟာ ကိုယ့်နိုင်ငံကို ချစ်ကြပါတယ်။ ကိုယ့်နိုင်ငံကို ကောင်းစားစေလိုကြပါတယ်။ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင်စည်းစည်းလုံးလုံးနဲ့ နေလိုကြပါတယ်။ ကိုယ့်မြေ၊ ကိုယ့်ပြည်၊ ကိုယ့်ဆွေမျိုးအသိုင်းအဝိုင်းကို ခင်တွယ်ကြပါတယ်။ ငြိမ်းချမ်းသာယာဝပြောတဲ့ လူ့ဘောင်အဖွဲ့အစည်းကြီးကို ထူထောင်လိုကြပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ တူညီတဲ့ ဆန္ဒဖြစ်ပါတယ်။ ဒီ Common Ground ပေါ်အခြေခံပြီး ငြိမ်းချမ်းသာယာတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ၊ ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါ နေနိုင်တဲ့ နိုင်ငံဖြစ်အောင် ဝိုင်းဝန်းတည်ဆောက်ကြဖို့ ကျွန်တော့် အနေနဲ့ တိုက်တွန်းလိုပါတယ်။

ကြွံကြွံခံကျော်လွှား

နိဂုံးချုပ်အနေနဲ့ ပြောကြားရရင်-

ဒီကနေ့ အချိန်အခါဟာ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်နဲ့ အသစ်တစ်ဖန် ပြန်တည်နေရတဲ့ အချိန်ဖြစ်ပါတယ်။ စိန်ခေါ်မှုတွေရှိနေသလို အခွင့်အလမ်းကောင်းတွေလည်းရှိနေပါတယ်။စိန်ခေါ်မှုတွေကို ကြွံကြွံခံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီး၊ အသင်း၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် စီးပွားရေး၊ လူမှုရေးနယ်ပယ် အသီးသီး၊ အသင်း၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းစဉ်တစ်လျှောက်မှာ မတည်မငြိမ် မအေးမချမ်းနဲ့ ကုန်လွန်သွားခဲ့ရတဲ့ ကာလတွေကို အလွန်နှမြောဖို့ ကောင်းပါတယ်။

လွတ်လပ်ရေးရပြီးစက ကျွန်တော်တို့ထက် နိမ့်ကျတဲ့နိုင်ငံတွေ၊ တန်းတူရည်တူ နိုင်ငံတွေဟာ ကျွန်တော်တို့နိုင်ငံကို များစွာကျော်ဖြတ်သွားကြပြီဖြစ်ပါတယ်။

ဒီအချိန်ဟာ ရန်ဖြစ်ငြင်းခုံနေကြရမယ့်အချိန်၊ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ အပြစ်ရှာအပြစ်ပြောနေကြရမယ့်အချိန် မဟုတ်တော့ပါဘူး။

စည်းလုံးညီညွတ်ကြရင် ကြီးပွားတိုးတက်နိုင်တဲ့ ရေခံမြေခံကောင်းတွေ ကျွန်တော်တို့တိုင်းပြည်မှာ ရှိပြီးဖြစ်ပါတယ်။

ကျော်လွှားပြီး အခွင့်အလမ်းကောင်းတွေကို အရအမိဆုပ်ကိုင်ထားဖို့ လိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းစဉ်တစ်လျှောက်မှာ မတည်မငြိမ် မအေးမချမ်းနဲ့ ကုန်လွန်သွားခဲ့ရတဲ့ ကာလတွေကို အလွန်နှမြောဖို့ ကောင်းပါတယ်။လွတ်လပ်ရေးရပြီးစက ကျွန်တော်တို့ထက် နိမ့်ကျတဲ့ နိုင်ငံတွေ၊ တန်းတူရည်တူ နိုင်ငံတွေဟာ ကျွန်တော်တို့နိုင်ငံကို များစွာ ကျော်ဖြတ်သွားကြပြီဖြစ်ပါတယ်။ ဒီအချိန်ဟာ ရန်ဖြစ်ငြင်းခုံနေကြရမယ့်အချိန်၊ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အပြစ်ရှာအပြစ် ပြောနေကြရမယ့် အချိန်မဟုတ်တော့ပါဘူး။ စည်းလုံးညီညွတ်ကြရင် ကြီးပွားတိုးတက်နိုင်တဲ့ ရေခံမြေခံကောင်းတွေ ကျွန်တော်တို့ တိုင်းပြည် မှာရှိပြီးဖြစ်ပါတယ်။ ဒီနိုင်ငံဟာ နိုင်ငံသားအားလုံး ပိုင်တဲ့နိုင်ငံဖြစ် ပါတယ်။ ကိုယ့်နိုင်ငံ ပျက်စီးဆုံးရှုံးမသွားရအောင် နိုင်ငံသားတိုင်း အားလုံး ဝိုင်းဝန်းစောင့်ရှောက် ကာကွယ်သွားကြဖို့ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ သားစဉ်မြေးဆက်အတွက် ကောင်းတဲ့အမွေခံ ပတ်ဝန်းကျင်ကို တည်ဆောက်သွားကြဖို့ လိုအပ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီး၊ အသင်း၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)

ပြည်တွင်းဈေးကွက်

ယခုအပတ် ပြည်တွင်းပဲမျိုးစုံဈေးကွက်တွင် ဈေးကွက်လိုက်၍ ဈေးနှုန်း အပြောင်းအလဲများဖြစ်ပေါ်လျက်ရှိသော်လည်း ပြည်တွင်းစားသုံးဆီဈေးကွက် တွင်မူ ဈေးကွက်အသီးသီး၌ ဈေးနှုန်းများကျဆင်းခဲ့သည်။

မတ်ပဲ။ ။ အရည်အသွေးပေါ်မူတည်၍ ဝယ်လိုအားလျော့နည်းခြင်းကြောင့် မန္တလေးနှင့် မုံရွာမတ်ပဲဈေးကွက်များတွင် ယခင်အပတ်ကထက် မတ်ပဲဈေးနှုန်းများ ကျဆင်းလျက်ရှိသော်လည်း ပြည်မတ်ပဲဈေးကွက်တွင် ယခင်အပတ်က မတ်ပဲတစ်တန်ဈေးနှုန်း ငွေကျပ် ၅၁၄၄၀၀ သာရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၅၃၅၈၀၀ သို့လည်းကောင်း၊ ဟင်္သာတမတ်ပဲ ဈေးကွက်တွင် ယခင်မတ်ပဲတစ်တန် ဈေးနှုန်း ငွေကျပ် ၅၀၅၂၀၀ သာရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၅၁၄၄၀၀ သို့လည်းကောင်းဈေးနှုန်းများတက်လာခဲ့သည်။

ပဲတီစိမ်း။ ။ အဝယ်ရှိပြီး ဈေးမြင့်ဝယ်ယူမှုများကြောင့် မန္တလေးပဲတီစိမ်းဈေးကွက်တွင် ယခင်အပတ်ကပဲတီစိမ်းတစ်တန်ဈေးနှုန်း ငွေကျပ် ၄၈၉၉၀၀ သာရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၅၆၅၈၀၀ သို့လည်းကောင်း၊ မုံရွာပဲတီစိမ်းဈေးကွက်တွင် ယခင်အပတ်က ပဲတီစိမ်းတစ်တန်ဈေးနှုန်း ငွေကျပ် ၅၄၈၀၀၀ မှ ယခုအပတ်တွင်မူ ငွေကျပ် ၅၆၄၀၀၀ သို့လည်းကောင်း ဈေးနှုန်းများ တက်လာခဲ့ကြောင်းသိရသည်။

ပဲစင်းငုံ(နီ)။ ။ အတက်အကျများ ရောထွေးလျက်ရှိသော ဈေးကွက်မှာ ပဲစင်းငုံ(နီ)ဈေးကွက်ဖြစ်သည်။ ဝယ်လိုအားနည်းခြင်းက ဈေးနှုန်းကျဆင်းမှုကို ဦးတည်လျက်ရှိသော်လည်း မန္တလေးပဲစင်းငုံ(နီ)ဈေးကွက်တွင် ယခင်အပတ်က ပဲစင်းငုံ(နီ)တစ်တန်ဈေးနှုန်း ငွေကျပ် ၃၆၇၄၀၀ သာရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၃၇၇၈၀၀ သို့လည်းကောင်း၊ ပြည်ပဲစင်းငုံ(နီ)ဈေးကွက်တွင် ယခင်အပတ်က ပဲစင်းငုံ(နီ)တစ်တန် ဈေးနှုန်း ငွေကျပ် ၃၆၇၄၀၀ သာရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၃၈၈၈၀၀ သို့လည်းကောင်း ဈေးနှုန်းများတက်လာခဲ့ပြီး မုံရွာနှင့် ပခုက္ကူ ပဲစင်းငုံ(နီ) ဈေးကွက်များတွင် ဈေးအနည်းငယ် ကျဆင်းခဲ့သည်။

ပဲဆီ။ ။ ရန်ကုန်ပဲဆီဈေးကွက်တွင် ယခင်အပတ်က ပဲဆီတစ်ပိဿာ ငွေကျပ် ၃၈၀၀ မှ ယခုအပတ်တွင် ငွေကျပ် ၃၇၀၀ သို့လည်းကောင်း၊ တောင်ကြီးပဲဆီဈေးကွက်တွင် ယခင်အပတ်က ပဲဆီတစ်ပိဿာဈေးနှုန်း ငွေကျပ် ၃၅၀၀ မှ ယခုအပတ်တွင် ငွေကျပ် ၃၄၀၀ သို့လည်းကောင်း ကျဆင်းခဲ့ပြီး မကွေးပဲဆီဈေးကွက်တွင် ဈေးအနည်းငယ်သာ ကျဆင်းခဲ့သည်။

နှမ်းဆီ။ ။ နှမ်းဆီဈေးကွက်မှာ စားသုံးဆီသီးနှံဖြစ်သည့် နှမ်းရိတ်သိမ်းဆဲနှင့် ရိတ်သိမ်းပြီးချိန် ဖြစ်သည့်အတွက် ပြည်တွင်းနှမ်းဆီဈေးကွက်အသီးသီး၌ ဈေးနှုန်းများကျဆင်းခဲ့သည်။

စားအုန်းဆီ။ ။ ယခုအပတ် စားအုန်းဆီဈေးကွက်တွင် ရန်ကုန်စားအုန်းဆီဈေးကွက်မှာ စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၁၈၀၀ မှ ငွေကျပ် ၁၇၀၀ သို့လည်းကောင်း၊ မကွေး စားအုန်းဆီဈေးကွက်မှာ စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၂၀၀၀ မှ ငွေကျပ် ၁၉၀၀ သို့ လည်းကောင်း ဈေးနှုန်းများကျဆင်းခဲ့သည်။

နိုင်လင်းကြည်

အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်း ရေးသူ/ဖတ်သူ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ လစဉ် ရေးသူ/ဖတ်သူဆွေးနွေးပွဲကို ကျင်းပလျက်ရှိရာ သတ္တမအကြိမ်မြောက်ရေးသူ/ဖတ်သူ ဆွေးနွေးပွဲကို ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီက အဆိုပါရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးဘုန်းဝေ(ဒါရိုက်တာဘုန်းဝေ) ကအဖွင့် အမှာစကားပြောကြားပြီး စာရေးဆရာ စံ-ဇာဏီဘို၊ စာရေးဆရာမ ယဉ်မင်းဦး (ဆေးတက္ကသိုလ်) ဒေါက်တာနိုက်တင် ဂေးလ်တို့က စာပေရေးရာများကို ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် စာပေချစ်သူများ၏ မေးခွန်းများကို ဖြေကြားကြောင်း သိရသည်။ (ကြေးမုံ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁၈-၈-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

၆း၃၀ MRTV-4 သတင်း
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉၉)**
၇း၃၀ FIFA U-20 WORLD CUP COLOMBIA 2011 (Brazil Vs Mexico) (LIVE)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းဖြိုင်" (အပိုင်း-၄၁)**
၁၀း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၀၀ The Champion of Dance
၁၁း၄၀ ပေါင်းစုလို့ဆင်နွှဲ (၇)ရက်သားသမီးအမြဲတမ်း အလှူရှင်များအဖွဲ့၏အလှူပွဲ
၁၂း၀၀ Activities In The City
၁၂း၁၅ ဆယ်ကျော်သက်တို့ရဲ့ ရင်ခုန်သံမေးခွန်းများ (အပိုင်း-၂)
၁၂း၄၀ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏အဘိဓမ္မာ(၇)ကျမ်း သာသနာပြုမှတ်တမ်း
၁း၀၀ "ဝိပဿနာအခြေခံ(၅)ပါး" တရားတော် (ကွမ်းခြံကုန်း ဆရာတော်အရှင်ဘောဂ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ Quiz Idol
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉၉)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းဖြိုင်" (အပိုင်း-၄၁)**
၅း၀၅ Activities In The City
၅း၂၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အသည်းတံခါးများ ဟစိဟစိ"
၅း၄၅ Activities In The City
၆း၀၀ MRTV-4 သတင်း
၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၀၀)**
၇း၁၀ Style ရှိမှ Star ဖြစ်မယ်
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းဖြိုင်" (အပိုင်း-၄၂)**
၁၀း၂၀ အနုပညာမိုးကောင်းကင်
၁၀း၄၅ ဆီထွက်သီးနှံများထဲမှ "ဆီအုန်း"
၁၀း၅၅ သင်ယူလေ့လာဂီတပညာ
၁၁း၂၀ ရောင်စုံပန်းတို့အလှခြယ်ရာ. . . ကမ်းလင့်မေတ္တာဖေးကူပါ
၁၁း၃၅ ဦးဆုံးအစဘဝရဲ့အလှ(ဂျင်းနီ)
၁၁း၅၀ ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၁၂း၀၀ စွဲမက်ဖွယ်ရာရတနာ
၁၂း၃၀ မွေးကင်းစကလေးပြုစု စောင့်ရှောက်ရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအေးအေးသိန်း၊ ခိုင်သင်းကြည်)
၁း၁၅ မြန်မာ့ရေကြောင်းပညာ တက္ကသိုလ်အကြောင်း သိကောင်းစရာ
၂း၀၀ အလှပန်းများလန်းစေချင်သည်
၂း၀၅ ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ)၏ မသန်စွမ်းသူများအတွက် Barrier Free
၂း၃၀ ဝိရောဓိ CONTRA
၂း၄၀ Orchard Families (အပိုင်း-၂)
၃း၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၀၅ မောတို့မြေမှ အံ့ဖွယ် ထူးခြားလိုက်ဂူများ
၅း၀၀ အစီအစဉ်ပြီး။

ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ကိစ္စရပ်များ အာရှဖွံ့ဖြိုးရေးဘဏ်မှ အမှုဆောင်ဒါရိုက်တာ လာရောက်ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား အာရှဖွံ့ဖြိုးရေးဘဏ်မှ အမှုဆောင်ဒါရိုက်တာ Mr. Chaiyuth Sudthitanakorn သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံ၍ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိမ်းနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား အာရှဖွံ့ဖြိုးရေးဘဏ်မှ အမှုဆောင် ဒါရိုက်တာ Mr. Chaiyuth Sudthitanakorn နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အဆင့်ဘောလုံးပြိုင်ပွဲ (မော်လမြိုင်ဇုန်) ဖွင့်

နေပြည်တော် ဩဂုတ် ၁၇

၂၀၁၀ - ၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အဆင့် ဘောလုံးပြိုင်ပွဲ (မော်လမြိုင်ဇုန်)ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မော်လမြိုင်တက္ကသိုလ် အားကစားကွင်း၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားကာ **(ဝဲပုံ)** ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် မော်လမြိုင်တက္ကသိုလ် အမျိုးသားအသင်းနှင့် ဘားအံတက္ကသိုလ် အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြပုံကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဇုန်အဆင့် ဘောလုံးပြိုင်ပွဲ၊ အမျိုးသားပြိုင်ပွဲတွင် မော်လမြိုင်တက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ပဲခူးတက္ကသိုလ်နှင့် အမျိုးသမီးပြိုင်ပွဲတွင် မော်လမြိုင်တက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ ပဲခူးတက္ကသိုလ်တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၂၁ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ရောဝတီယူနိုက်တက်၏ ရှုံးပွဲမရှိစံချိန် ကျိုးပျက်

သတင်းမှတ်စု - ရှိုင်းထက်ဇော်

ရန်ကုန် ဩဂုတ် ၁၇

MFF Max Cement Cup 2011 ကွာတားဖိုင်နယ်ပွဲစဉ်ကို ယနေ့ ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်း၌ ကျင်းပရာ ရန်ကုန်ယူနိုက်တက်က ရောဝတီယူနိုက်တက်ကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။

ရန်ကုန်ယူနိုက်တက် - သုံးဂိုး

(ဂျူဗီနယ်-နှစ်ဂိုး၊ ကောင်းစည်သူ)

ရောဝတီယူနိုက်တက် - ဂိုးမရှိ

ပွဲကျပ်ကာလတွင် ရန်ကုန်ယူနိုက်တက်တို့ ခြေစွမ်းပြနေပြီး ယခုရှုံး/ထွက်ပြိုင်ပွဲတွင်လည်း ရောဝတီကို အနိုင်ယူကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ ယခုရာသီတွင် ရှုံးပွဲမရှိ စံချိန်တင်ထားသည့် ရောဝတီအသင်းမှာ ၁၆ ပွဲမြောက်တွင် ကျိုးပျက်ခဲ့ရပြီး ရန်ကုန်အသင်းက ချိုးဖျက်ခဲ့ခြင်းဖြစ်သည်။ ရောဝတီအသင်း၏ ကစားပုံမှာ အမှတ်ပေးပွဲကို မမီဘဲ ရန်ကုန်အသင်းက ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ နှစ်သင်းစလုံး လူစုံထုတ်ကစားခဲ့ပြီး မိနစ် ၂၀ တွင် ပယ်နယ်တီမှတစ်ဆင့် ဂျူဗီနယ်က ရန်ကုန်အတွက် အဖွင့်ဂိုး စတင်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရောဝတီတို့ ချေပဂိုးရရန် ကြိုးစားသော်လည်း ရန်ကုန်ကသာ ဂိုးများရခဲ့ပြီး ၅၅ မိနစ်တွင် ဂျူဗီနယ်နှင့် ၈၂ မိနစ်တွင် ကောင်းစည်သူတို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။

(ယနေ့ပွဲ)

သုဝဏ္ဏကွင်း

ညနေ ၃ နာရီခွဲ

ကာကွယ်ရေး - နေပြည်တော်

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့်ရှုံး/ထွက် ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံး/ထွက် ပွဲစဉ်ကို အမှတ် (၂) နေပြည်တော်အားကစားကွင်း၌ ဆက်လက်ကျင်းပရာ နေပြည်တော်အတွင်းရှိ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ အားကစားဝါသနာရှင်များ တစ်ခဲနက် အားပေးကြသည်။ ပွဲပြီးဆုံးချိန်အထိ တစ်ဖက်နှင့် တစ်ဖက် ဂိုးမရှိ သရေပွဲဖြစ်နေသဖြင့် ပယ်နယ်တီ ကန်သွင်းရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန - လေးဂိုး

(ထက်နိုင်ဝင်း၊ စွမ်းထက်အောင်၊ ရဲလင်းကို၊ ဝေဖြိုး)

ပို့ဆောင်ရေးဝန်ကြီးဌာန - နှစ်ဂိုး

(ဝင်းထွဋ်ဦးနှင့် သန်းဝင်းအောင်)

(ဒိုင်လူကြီး)ဦးတင်ထွဋ် (အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး)

အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ ဩဂုတ် ၁၈ ရက်တွင် လယ်/ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(၁၀၇)

အီမန်နျူရယ်အီဘိုယေး ဂါလာတာစာရေးသို့ ပြောင်းရွှေ့

လန်ဒန် ဩဂုတ် ၁၇

အာဆင်နယ် ကွင်းလယ်ကစားသမား အီမန်နျူရယ်အီဘိုယေးသည် ပေါင်သုံးသန်းဖြင့် တူရကီကလပ် ဂါလာတာစာရေးသို့ ပြောင်းရွှေ့သွားပြီဟု သိရသည်။

အသက် (၂၈)နှစ်ရှိအဆိုပါ အိုင်ဗရီကို့စ် လက်ရွေးစင်ကစားသမားသည် ဂါလာတာစာရေးနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုနိုင်ခဲ့သည်ဟု သတင်းတွင် ထပ်မံဖော်ပြထားသည်။ ကွင်းလယ်တွင် သာမက နောက်တန်းခံစစ်ကိုပါများစွာ အထောက်အကူပေးနိုင်သည့် အီဘိုယေးသည် ၂၀၀၅ ခုနှစ်က ဘယ်လ်ဂျီယံကလပ် ဘီဗာရင်မှ အာဆင်နယ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ၎င်းသည် အာဆင်နယ်အသင်းအတွက် ပရီမီယာလိဂ်ပွဲပေါင်း ၁၃၂ ပွဲ ပါဝင်ကစားပေးနိုင်ခဲ့သည်။

အီဘိုယေးသည် အသင်းသစ်ဂါလာတာစာရေးတွင် ကျောနံပါတ် (၂၇) ကို ဝတ်ဆင်ကစားမည်ဟု သိရသည်။ အာဆင်နယ်အသင်းအနေဖြင့် အားထားရသည့် ကွင်းလယ်ကစားသမားများ ဖြစ်သည့် ဖာဘရီဂက်စ်နှင့် အီဘိုယေး **(အောက်ပုံ)** တို့ကို ဆုံးရှုံးရပြီးနောက်တွင် အသင်းပြောင်းရန် ပြင်ဆင်နေသည့် နာဆရီ၊ ဘန်တနာနှင့် အယ်လ်မူနီယာတို့ကိုလည်း ထပ်မံလက်လွှတ်ရရန် ရာနှုန်းများနေသည်။

အင်တာနက်။

ဒင်နီရယ်အာယာလာကို နော့ဝှစ်ချ်အသင်းခေါ်ယူ

လန်ဒန် ဩဂုတ် ၁၇

ပရီမီယာလိဂ်တန်းတက် နော့ဝှစ်ချ်အသင်းသည် လီဗာပူးအသင်း၏ နောက်ခံကစားသမား ဒင်နီရယ်အာယာလာကို လေးနှစ်စာချုပ်ဖြင့် အပြီးသတ်ခေါ်ယူနိုင်ခဲ့ပြီဟု သိရသည်။

အဆိုပါ စပိန်နိုင်ငံသား ဒင်နီရယ်အာယာလာသည် ၂၀၀၇ ခုနှစ်ကပင် လီဗာပူးသို့ ရောက်ရှိလာခဲ့သော်လည်း ဟားလ်စီးတီးနှင့် ဒါဘီအသင်းများသို့ အငှားချထားခြင်းခံခဲ့ရသည်။ အာယာလာသည် နော့ဝှစ်ချ်အသင်းက ခေါ်ယူသည့် ရှစ်ယောက်မြောက် ကစားသမားဖြစ်လာခဲ့သည်။ ၎င်းကို နည်းပြ ပေါလ်လန်ဘတ်က အကြိုက်တွေ့၍ ခေါ်ယူခဲ့ခြင်းဖြစ်သော်လည်း နော့ဝှစ်ချ်တွင် ပုံမှန်ပွဲထွက်ခွင့်ရရှိရန် ကြိုးစားရုန်းကန်ရဦးမည်ဖြစ်သည်။

အင်တာနက်။

နော့ဝှစ်ချ်က ခေါ်ယူလိုက်သည့် လီဗာပူးနောက်ခံလူ ဒင်နီရယ် အာယာလာ။

ရာအူးလ် ရှော်ကေးတွင်သာ ရှိနေဦးမည်

မြူးနစ် ဩဂုတ် ၁၇

အင်္ဂလိပ်ပရီမီယာလိဂ်မှ ဘလက်ဘန်းအသင်း၏ ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ပြီးနောက် အသက်(၃၄)နှစ်အရွယ်ရှိ စပိန်တိုက်စစ်မှူးဟောင်း ရာအူးလ်**(ယာပုံ)**သည် ဂျာမန် ဘွန်ဒက်စ်လီဂါကလပ် ရှော်ကေးတွင်သာ ရှိနေဦးမည်ဖြစ်ကြောင်း ရှော်ကေးမန်နေဂျာ ဟို့စ်ဟဲ့လ်ဒ်က အင်္ဂါနေ့က အတည်ပြုလိုက်သည်။

ရာအူးလ်၏အေးဂျင့်၊ စကားပြန်တစ်ဦးတို့နှင့်အတူ မိမိတို့ ညှိနှိုင်းပြီးပြီဖြစ်ကြောင်း၊ ရာအူးလ်သည် ဘလက်ဘန်းသို့ ပြောင်းရွှေ့မည်မဟုတ်ဘဲ မိမိတို့ထံတွင်သာ ရှိနေမှာဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အင်္ဂလိပ်ပရီမီယာလိဂ်မှ ဘလက်ဘန်းက ရာအူးလ်နှင့်ပတ်သက်၍ ဩဂုတ် ၁၅ ရက်တွင် ရှော်ကေးသို့ ဆက်သွယ်လာခဲ့ခြင်းဖြစ်သည်။ ၂၀၁၀ ခုနှစ် ဇူလိုင်လက ရှော်ကေးသို့ ရောက်ရှိလာသော ရာအူးလ်သည် ကန်ထရိုက်စာချုပ်အရ ၂၀၁၂ ဇွန်လအထိ ရှိနေဦးမည်ဖြစ်သည်။

ပြီးခဲ့သည့် ဘောလုံးရာသီအတွင်း ရှော်ကေးသည် ရာအူးလ်၏စွမ်းဆောင်မှုဖြင့် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အထိ တက်လှမ်းနိုင်ခဲ့သည်။ ရာအူးလ်သည် ရှော်ကေး၏ ပြိုင်ပွဲအရပ်ရပ်၌ ၁၉ ဂိုးသွင်းယူနိုင်ခဲ့ရာ ဂျာမန်လိဂ်တွင် ၁၃ ဂိုး သွင်းခဲ့သည်။

ဆင်ဟွာ။

ဟန်သစ်

❖ ကျောဖုံးမှ

ဖက်ဒဲရားသည် ယမန်နှစ်က မာဒီဖစ်ရှ်အား အနိုင်ယူကာ ယခုပြိုင်ပွဲ၏ လေးကြိမ်မြောက် ဆုဖလားကို ရယူထားသူဖြစ်သည်။

နောက်လာမည့်ပြိုင်ပွဲတွင် ဖက်ဒဲရားသည် ပြင်သစ်အိုးပင်းပြိုင်ပွဲ၌ ကွာတားအဆင့်ထိ တက်ရောက်နိုင်ခဲ့သူ ဖေဘီယိုဖော့ဂ်နီနီကို အင်္ဂါနေ့က အနိုင်ယူခဲ့သည့် ဂျိမ်းဘလိတ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ထို့ပြင် ၂၀၁၁ ဝင်ဘယ်ဒန်ချန်ပီယံ ပက်ထရာကီတိုဗာက ပြိုင်ဘက် ချန်နယ်လီစရှီပါကို ၇-၆၊ ၆-၃ ဖြင့် အနိုင်ယူခဲ့သည်။

အင်တာနက်။

ဩဂုတ် ၁၁ ရက်က နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် မြို့နယ်ပညာရေးမှူးဒိုင်း အသက် (၁၃)နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော အလက(၂) ပြည်စံအောင်အသင်းအား မြို့နယ်ပညာရေးမှူး ဒေါက်တာသိန်းဇံ ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

❍ အာစင်ဝင်းဂါးမှ

ကွင်းအတွင်း ဝင်ရောက်ညွှန်ကြားမှု တစ်ပွဲပယ်ပြစ်ဒဏ် ခံနေရဆဲဖြစ်သော ဝင်းဂါးသည် ၎င်း၏ လက်ထောက်ပက်ထ်ရိုက်ထံသို့ နည်းပြဘိုရိုပရီမိုရက်မှ တစ်ဆင့် အချက်အလက်များ ပေးပို့ညွှန်ကြားခဲ့သည်။ တရားမဝင်သော အပြုအမူကို ပြုခြင်းဖြင့် ၎င်းသည် ဥပဒေစည်းမျဉ်းစည်းကမ်းကို ချိုးဖောက်ခဲ့ကြောင်း ယူအီးအက်ဖ်အေက သတိပေးခဲ့သည်။

အင်တာနက်။

အတိတ်ကတွေ့ကြုံခဲ့သော ခါးသီးသည့်ဆိုးကျိုးများ၊ အသက်အိုးအိမ်ဆုံးရှုံးမှုများနှင့် ကျီးလန့်စာစားဘဝမျိုးကို မတွေ့ကြုံလိုတော့ ၂၁ ရာစု သတင်းနှင့်နည်းပညာခေတ်၊ ပညာခေတ်တွင် ကမ္ဘာနှင့်ရင်ပေါင်တန်းပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လို

နေပြည်တော် ဩဂုတ် ၁၇

ကချင်ပြည်နယ်ရှိ ဗမာတိုင်းရင်းသားကိုယ်စားလှယ်များဖြစ်ကြသော မြစ်ကြီးနားမြို့ မြို့မိမြို့ဖ ဦးခင်မောင်လှ၊ ဦးမျိုးဆွေ၊ ဦးလှရွှေ၊ ဦးကျော်ဌေး၊ ဦးပေါ်ဦး၊ ဦးဝင်းဟန်သန်း၊ ဦးချစ်ရင်၊ ဦးခင်မောင်ဦး၊ ဦးအောင်မြင့်၊ ဦးစိုးမြင့်မောင်၊ ဦးစိန်ဝင်း၊ ဦးထွန်းဝင်း၊ ဦးအောင်ကျော်မင်း၊ ဦးမျိုးမင်း၊ ဦးကျော်ကျော်ဦးနှင့် ဦးကျော်ကျော်ဝင်းတို့ ၁၆ ဦး စုပေါင်းလက်မှတ်ရေးထိုးပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ၂၀၁၁ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ကချင်ပြည်နယ် ထာဝရငြိမ်းချမ်းရေးရရှိရန်တင်ပြခြင်း ခေါင်းစဉ်ဖြင့် တင်ပြစာတစ်စောင်အား ပေးပို့ခဲ့ကြောင်း သိရှိရသည်။ အဆိုပါတင်ပြစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ ကျွန်တော်တို့သည် ကချင်ပြည်နယ်တွင် ဂျိန်းဖော၊ ရဝမ်၊ လီဆူ၊ လာချိတ်၊ လော်ဝေါ်၊ ဇိုင်ဝါးလူမျိုးများဖြစ်သော ကချင်မျိုးနွယ်စု၊ တိုင်းလိုင်၊ တိုင်းလေ၊ တိုင်းလုံ၊ တိုင်းခန္တီး၊ တိုင်းဆာလူမျိုးများဖြစ်သော ရှမ်းမျိုးနွယ်စုများနှင့်အတူ ဘိုးစဉ်ဘောင်ဆက်မှစ၍ အတူတကွနေထိုင်ခဲ့ကြသော ဗမာတိုင်းရင်းသားများ ဖြစ်ကြပါသည်။

၂။ ယနေ့အခါကာလတွင် နိုင်ငံတော်၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ် ပေါ်ပေါက်လာပြီဖြစ်ပါသည်။

၃။ ၂၀၁၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုမှ ရွေးချယ်ပေးလိုက်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ အသီးသီးဖွဲ့စည်းထားရှိပြီး လူထုလူတန်းစားအလွှာပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါသည်။

၄။ ကချင်အထူးဒေသ(၁) NDAK အဖွဲ့သည် ၁၉၈၉ ခုနှစ်တွင်လည်းကောင်း၊ ကချင်အထူးဒေသ(၂) KIO အဖွဲ့သည် ၁၉၉၄ ခုနှစ်တွင် လည်းကောင်း ငြိမ်းချမ်းရေးတည်ဆောက်နိုင်ချိန်မှစ၍ ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုများရရှိကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများဘက်ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ၊ အခြေအနေကောင်းများကို ကချင်ပြည်နယ်သူ၊ ပြည်နယ်သားများ ခံစားခဲ့ကြပါသည်။

၅။ ကချင်ပြည်နယ်သူ၊ ပြည်နယ်သားများအနေဖြင့် လက်ရှိခံစားနေရသည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ထာဝရမြင်တွေ့ခံစားလိုကြပါသည်။ ပြည်သူများအနေဖြင့် ထာဝရငြိမ်းချမ်းရေးလိုလားကြပါသည်။ ကချင်ပြည်နယ်အတွင်း ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်နေ့မှစ၍ အစိုးရတပ်မတော်နှင့် KIA တပ်များ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာမှ ပြည်နယ်အတွင်း မငြိမ်မသက်မှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ အတိတ်ကတွေ့ကြုံခဲ့သော ခါးသီးသည့်ဆိုးကျိုးများ၊ အသက်အိုးအိမ်ဆုံးရှုံးမှုများနှင့် ကျီးလန့်စာစားဘဝမျိုးကို မတွေ့ကြုံလိုကြတော့ပါ။ ၂၁ ရာစု သတင်းနှင့်နည်းပညာခေတ်၊ ပညာခေတ် (Knowledge Age) တွင် ကမ္ဘာနှင့်ရင်ပေါင်တန်းပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လိုကြပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစွာတည်ဆောက်၍ ပြည့်စုံသော လူမှုစီးပွားရေးဘဝကို ရရှိလိုကြပါသည်။ သို့ဖြစ်ရာ ရရှိပြီးဖြစ်သည့် ငြိမ်းချမ်းရေး၏ အနှစ်သာရများကို မြတ်နိုးတန်ဖိုးထားကြပါသည်။ ယာယီငြိမ်းချမ်းရေးမှ ထာဝရငြိမ်းချမ်းရေးသို့ အသွင်ကူးပြောင်းစေလိုကြပါသည်။ ဤအချက်သည် ကျွန်တော်တို့ ကချင်ပြည်နယ်အတွင်းရှိ ဗမာတိုင်းရင်းသားအားလုံး၏ ဆန္ဒအမှန်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရနှင့် KIA အဖွဲ့တို့က ကချင်ပြည်နယ် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသော ထာဝရငြိမ်းချမ်းရေးကို ရရှိအောင် ဖော်ဆောင်ပေးနိုင်ရန် မေတ္တာရပ်ခံတင်ပြအပ်ပါသည်။

ဗမာတိုင်းရင်းသားကိုယ်စားလှယ်များ
ကချင်ပြည်နယ်

(သတင်းစဉ်)

ကချင်ပြည်နယ် မန်စီမြို့နယ် တရုတ်-မြန်မာနယ်စပ် ပန်ခမ်းကင်းစခန်းအား KIA အဖွဲ့က မီးရှို့ဖျက်ဆီး

နေပြည်တော် ဩဂုတ် ၁၇

ကချင်ပြည်နယ် မန်စီမြို့နယ် တရုတ်-မြန်မာနယ်စပ် ပန်ခမ်းကင်းစခန်းအား ဩဂုတ် ၁၅ ရက်တွင် KIA အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဩဂုတ် ၁၅ ရက် ညနေ ၄ နာရီခန့်တွင် မန်စီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးမှ ဒု-ဦးစီးမှူး ဦးစိုင်းအိုက်အေး ဦးစီးဝန်ထမ်းသုံးဦးနှင့် အကောက်ခွန်ဝန်ထမ်းငါးဦး စုစုပေါင်းဝန်ထမ်းရှစ်ဦး တာဝန်ထမ်းဆောင်လျက်ရှိသော ပန်ခမ်းစခန်းသို့ KIA အင်အား ၂၀ ခန့် ဦးတည်လာနေကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးချက်အရ တာဝန်ခံအရာရှိဦးဆောင်၍ ရုံးတံဆိပ်များ၊ ဌာနပိုင်ငွေများ၊ BP စာအုပ်အသစ်များ အပါအဝင် ဌာနဆိုင်ရာပစ္စည်းများကို သိမ်းဆည်း၍ လုံခြုံရာသို့ တိမ်းရှောင်ခဲ့ရကြောင်း။

ထိုသို့ တိမ်းရှောင်ပြီး ၁၀ မိနစ်ခန့်အကြာတွင် KIA အဖွဲ့သည် စခန်းသို့ရောက်ရှိလာပြီး နိုင်ငံတော်အလံ၊ နယ်စပ်ဝင်ထွက် ဖြတ်ပိုင်းပြေစာများ၊ BP ထုတ်ပေးမှု မှတ်ပုံတင်စာအုပ်များနှင့် စခန်းနေဝန်ထမ်းများ၏ ကိုယ်ပိုင်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခြင်း၊ မှန်ပြတင်းပေါက်များရိုက်ခွဲခြင်း၊ ရုံးအလံတိုင်အား ရိုက်ချိုးဖျက်ဆီးခြင်းများ ပြုလုပ်ပြီး မန်စီမြို့နယ် နောင်မွန်းကျေးရွာဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရှိရသည်။

KIO/KIA အဖွဲ့အနေဖြင့် ကချင်ပြည်နယ်အတွင်း ဇွန် ၉ ရက်မှစတင်၍ ဖောက်ခွဲဖျက်ဆီးမှုများ၊ ပစ်ခတ်တိုက်ခိုက်မှုများ၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးမှုများ၊ သတ်ဖြတ်မှုများ စသည့် အဖျက်လုပ်ရပ်များ တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိရာ ကချင်ပြည်နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ရာသီချိန်အမီ စိုက်ပျိုးနိုင်ရေးအပါအဝင် စားဝတ်နေရေးနှင့် လူမှုရေးကိစ္စများအတွက် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုအခြေအနေများကြောင့် ကချင်ပြည်နယ်အတွင်းရှိ ငြိမ်းချမ်းရေးလိုလားသော တိုင်းရင်းသားပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များက ငြိမ်းချမ်းရေးအမြန်ရရှိရေးအတွက် နိုင်ငံတော်သမ္မတထံ စာများရေးသားပေးပို့တင်ပြလျက်ရှိကြသည်။

(သတင်းစဉ်)

အားကစား

ဆင်ဆင်နတီ ဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲ

၂၀၁၁ ဆင်ဆင်နတီဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တွင် ဩစတြေးလျတင်းနစ်မယ် အနက်စတာစီးယား ရိုဒီယိုနိုဗာကို ၆-၁၊ ၆-၃ ဖြင့် အနိုင်ယူခဲ့သော ရုရှားတင်းနစ်မယ် ရှာရာပိုဗာ၏ ကစားဟန်။

ဆင်ဟွာ။

ဆင်ဆင်နတီ ဖိတ်ခေါ်ပြိုင်ပွဲ တတိယအဆင့်သို့ ရှာရာပိုဗာနှင့် ဖက်ဒဲရားတို့ တက်ရောက်

ဆင်ဆင်နတီ ဩဂုတ် ၁၇

ပြီးခဲ့သည့်နှစ်က ဗိုလ်လုပွဲအထိတက်ရောက်နိုင်ခဲ့သည့် ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာသည် အင်္ဂါနေ့က ပြိုင်ဘက် ဩစတြေးလျတင်းနစ်မယ် အနက်စတာစီးယား ရိုဒီယိုနိုဗာကို ၆-၁၊ ၆-၃ ဖြင့် သက်သောင့်သက်သာကစားပြီး အနိုင်ယူကာ တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

- တက်ရောက်နိုင် -

ထို့အတူ ဂရင်းဆလင်းပြိုင်ပွဲ၌ အောင်မြင်မှု (၁၆)ကြိမ် ရယူထားနိုင်ခဲ့သည့် ဆွစ်ဇာလန်နိုင်ငံသား ရော်ဂျာဖက်ဒဲရားသည်လည်း ပြိုင်ဘက်အာဂျင်တီးနားနိုင်ငံသား ဒယ်လ်ပိုထရိုကို ၆-၃၊ ၇-၅ ဖြင့် အသာအယာအနိုင်ယူကာ တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ❖

အာစင်ဝင်းဂါး နောက်တစ်မှု တိုးလာပြန်

လန်ဒန် ဩဂုတ် ၁၇

အူဒီးနိစ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ချန်ပီယံလိဂ်ခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်အတွင်း အာဆင်နယ်အသင်းမန်နေဂျာ အာစင်ဝင်းဂါးသည် ကွင်းအတွင်းမှ နည်းပြအဖွဲ့ကို ဆက်သွယ်မှုဖြင့် ယူအီးအက်ဖ်အေ၏ စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ အရေးယူမှုနှင့် နောက်ထပ် ရင်ဆိုင်ရဖွယ်ရှိနေပြီဖြစ်သည်။ **စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ○**